# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 7 November 2023 ၁၁၂၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားမိဘပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး**
**သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ**
**(၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား

ယနေ့ကျရောက်သည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း (MARUMEX) ပြုလုပ်ရန်ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း 1st MYANMAR-RUSSIA MARITIME SECURITY EXERCISE (MARUMEX) ပြုလုပ်ရန် ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားစစ်ရေယာဉ် Admiral Tributs ပေါ်သို့ တက်ရောက်ကြည့်ရှုစဉ်။

ကြေးမုံ

# အများအကျိုးစီးပွားဖျက်ဆီးမှုများကိုရှုတ်ချ

တိုင်းရင်းသားပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ စိတ်အေးချမ်းသာစွာဖြင့် သွားလာလုပ်ကိုင်နိုင်ရန်အတွက် အဓိကအချက်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်အစိုးရများက လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်း နယ်စပ်ဒေသများပါ မကျန် ဖြန့်ကြက်တည်ဆောက်ပေးထားသည်။ တိုင်းရင်းသားပြည်သူများမှာ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် သွားလာလုပ်ကိုင်နိုင်ကြသည်။

မကြာသေးမီကာလက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကချင်ပြည်နယ် ဒေသအချို့တွင် EAO အဖွဲ့အချို့နှင့် အပေါင်းအပါတို့သည် ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများ၊ နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးများအား တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်ခဲ့သည်ကို ကြားသိကြရမည်ဖြစ်သည်။ ယင်းသို့တိုက်ခိုက်ခဲ့ရာတွင် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားကြသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့မြင်ရသည်။ တည်ဆောက်ပေးထားသော လမ်း၊ တံတားများမှာ စစ်ရေးအတွက် အသုံးပြုရန်မဟုတ်ဘဲ အများပြည်သူအတွက် တည်ဆောက်ပေးထားခြင်းဖြစ်၍ ယင်းတို့ကို ဖျက်ဆီးခြင်းသည် ပြည်သူများ၏ဘဝကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ မျှော်လင့်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးပါဝင်လာနိုင်ရေးအတွက် လမ်းဖွင့်ဖိတ်ခေါ် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ငြိမ်းချမ်းရေးလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ပါဝင်ဆွေးနွေးပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်လက်တွဲဆောင်ရွက်နေကြသည်။ သို့သော် EAO အဖွဲ့အချို့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် လိုက်ပါဆောင်ရွက်ခြင်းမရှိသည့်အပြင် နယ်စပ်ဒေသကုန်သွယ်ရေးပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးများပြတ်တောက်သွားစေရန်သာမက နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။

EAO အဖွဲ့အချို့သည် ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်တွင် အကြမ်းဖက်လမ်းစဉ်ကို နောက်ကွယ်မှပါဝင်လာခဲ့ပြီးနောက် ယခုအခါ ပြည်သူများလိုလားသည့်ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားဖျက်ဆီးမှုများ ထင်ထင်ရှားရှားပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူများ ထိခိုက်ဆုံးရှုံးမှုအမြောက်အမြားရှိခဲ့သည်။ ၂၀၂၁ ခုနှစ်မှစတင်၍ အကြမ်းဖက်အဖွဲ့များက ဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ရာတွင် ကားလမ်းမများတွင် အကြိမ်တစ်ထောင်ကျော်၊ ရထားလမ်းတွင် အကြိမ် ၆၀ ကျော်၊ တံတားများကို အကြိမ်တစ်ရာကျော်၊ မီးရှို့ဖျက်ဆီးမှုအနေဖြင့် ကားလမ်းမများတွင် အကြိမ် ၆၀ ခန့်၊ တံတားများကို အကြိမ် တစ်ဒါဇင်ကျော် ဖျက်ဆီးခဲ့သည်။

လတ်တလောဖြစ်စဉ်တွင် စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အသုံးပြုသွားလာလျက်ရှိသည့် ရထားလမ်း၊ ကားလမ်းနှင့် တံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာလုပ်ကိုင်မှုများ အခက်အခဲဖြစ်ပေါ်ပြီး စိတ်မချမ်းသာဖြစ်ကြရသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားတိုးတက်ရေးတွင်လည်း ထိခိုက်ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့သည်။ တပ်မတော်သည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝ လုံခြုံရေးအတွက် နယ်မြေလုံခြုံရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းဆဲကာလတွင် တပ်စခန်းများကို တိုက်ခိုက်ခြင်းများမပြုလုပ်ရန် အကြိမ်ကြိမ်ဆက်သွယ်အသိပေးပြောကြားထားသော်လည်း အဆိုပါ EAO အဖွဲ့တို့က တပ်စုအဆင့်နယ်မြေလုံခြုံရေးစခန်းငယ်များကို အလစ်အငိုက်တိုက်ခိုက်ခဲ့ကြသည်။

အထူးသဖြင့် KIA အဖွဲ့အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်အနီးတွင် လက်နက်ခဲယမ်းစက်ရုံများတည်ဆောက်၍ လက်နက်ခဲယမ်းများထုတ်လုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သကဲ့သို့ ပြည်တွင်းရှိ အကြမ်းဖက်အဖွဲ့များကိုလည်း အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်နိုင်ရန် နောက်ကွယ်မှ လက်နက်ခဲယမ်းများ ပံ့ပိုးခြင်း၊ အားပေးခြင်း၊ ကိုယ်တိုင်လုပ်ဆောင်ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် မည်သည့်အခါမျှ အောင်မြင်မှုမရနိုင်ဘဲ လတ်တလောတွင် တိုင်းရင်းသားပြည်သူများသာ အတိဒုက္ခရောက်ကြရသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ပြုလုပ်သော၊ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးအောင် ပြုလုပ်သော၊ လမ်း၊ တံတားများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်စီးအောင်ပြုလုပ်သော အကြမ်းဖက်အဖျက်သမားများကို တပ်မတော်က တုံ့ပြန်မှုများပြုလုပ်လျက်ရှိသလို ပြည်သူများကလည်း ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချလျက်ရှိပါကြောင်း။ ။

## တရားမ အထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်
## တရားမ အထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှုအမှတ်၊ ၁၈/၂၀၂၃(ရန်ကုန်)၊ ၅၈/၂၀၂၂ (ကရင်)၊ ၅/၂၀၂၃ (ရန်ကုန်)၊ ၁၆/၂၀၂၃ (ရန်ကုန်)နှင့် ၂၇/၂၀၂၃ (မကွေး) စုစုပေါင်း တရားမအထူး အယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၀/၂၀၂၂(စစ်ကိုင်း)၊ ၈/၂၀၂၃ (ရှမ်း)၊ ၂၀/၂၀၂၃ (ကချင်)၊ ၂၁/၂၀၂၃(မကွေး)နှင့် ၂၄/၂၀၂၃(ပဲခူး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၆




မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်(၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် ဦးမြင့်စိုး (မြင့်စိုး-နတလ)က အလှူငွေကျပ် ငါးသိန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခန့်စည်သူက ငွေကျပ် သုံးသိန်း၊ ဦးစန်းလွင် (ကပ္ပိယစန်းလွင်)မိသားစု၊ ဦးစောငွေ(မောင်ငွေအိုး) မိသားစု၊ ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက်-ဆေး-၁)၊ စာရေးဆရာ ရဲမင်းစိုး(မိသားစု)၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေမြို့တော်စည်ပင်)၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ်(မိသားစု)၊ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်း၊ ဖျာပုံမြို့နယ် စာရေးဆရာအသင်းနှင့် ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ကျွန်းစဉ်မြေစာခက်က ငွေကျပ် ခုနစ်သောင်း၊ ဒေါက်တာအေးကို (ဥက္ကဋ္ဌ၊ တောင်ဥက္ကလာပစေတီ ဂေါပကအဖွဲ့)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း၊ ကော့မှူးမြို့နယ် စာရေးဆရာအသင်း၊ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနှင့် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးစိုးမြင့် (စိုးမြင့်-စက်မှုတက္ကသိုလ်) မိတ္ထီလာမြို့နယ်၊ ဦးဇော်ဌေး (ယဉ်ကျေးမှု)၊ ချစ်စုအောင်(ကဗျာဆရာ)၊ စာရေးဆရာမ သက်ဦးခင်၊ ဒေါ်တင်တင်ခိုင် (ခိုင်ပန်းဝေ-လက်ပန်လှ) ပြင်ဦးလွင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် သုံးသောင်းစီ၊ ဦးစံရှိန် (ဆရာကြီးရှိန်) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ် နှစ်သောင်း၊ သုခုမရင်ပြင် စာပေမိသားစုက ငွေကျပ် ၁၅၀၀၀၊ ဦးဇော်လင်းဦး (ဇော်လင်းဦး-အောင်စံ) အောင်မြေသာစံမြို့နယ်က ငွေကျပ် တစ်သောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့်- တက္ကသိုလ်) တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၅၉၆ | ၅,၁၈၃,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၂,၅၈၅ | ၇,၄၉၉,၉၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၄၆ | ၂၄၈,၂၀၀ |
| TMH | ၂,၄၅၀ | ၂,၅၅၀ | ၁၈ | ၄၄,၂၀၀ |
| EFR | ၂,၁၀၀ | ၂,၁၀၀ | ၈၆၃ | ၁,၇၇၅,၁၅၀ |
| AMATA | ၄,၇၀၀ | ၄,၉၀၀ | ၁၂ | ၅၇,၄၀၀ |
| MAEX | ၁,၈၀၀ | ၁,၇၅၀ | ၂၀၁ | ၃၅၁,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ ရှေ့ဖုံးမှ**

ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်အခါသမယ ဖြစ်သော ကရင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပ ဆောင်ရွက်လျက် ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် (၆၈) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် မြစ်ချောင်း အင်းအိုင်များနှင့် တောတောင်များ၊ လိုဏ်ဂူများ၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံ တိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ ထုံးတမ်း အစဉ်အလာများ၊ မြတ်နိုးဖွယ်ရာရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် သာယာလှပသော ဒေသတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခုအဖြစ် ထင်ရှားလှပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ (၆)လ သက်တမ်းတိုးပြီးချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် ပိုမိုကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့် အစိုးရကို နိုင်ငံတော်တာဝန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် ရှေ့လုပ်ငန်းစဉ် ( ၅ )ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခက်အခဲများ အကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပထမအချက်တွင် **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဆိုသည့် သတ်မှတ်ချက်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မိမိတို့နိုင်ငံနှင့် ကိုက်ညီသင့်တော်သည့် ရွေးကောက်ပွဲစနစ် တည်ဆောက်မှုပုံစံတို့ဖြင့် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ် ခိုင်မာစေရေးအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား မိဘပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

NCA နှင့်ပတ်သက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၇) ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃)ဖွဲ့ စုစုပေါင်း (၁၀)ဖွဲ့တို့သည် ငြိမ်းချမ်းရေး အတွက်

**☆ နိုင်ငံတော်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိ**

**☆ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး ( MSME )လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရမည်**

**☆ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်**

**☆ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံး အမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ဆောင်ရွက်**

အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည့်အတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု မျှော်လင့်ရပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်း ရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျား**

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေး နှစ်ခုရှိပြီး ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့သည့်အပြင် ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းရပ်များတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ရပါသည်။ အလားတူ ပြည်ပနိုင်ငံကြီးအချို့၏ ဘက်ပေါင်းစုံမှ ဖိအားပေး အကျပ်ကိုင်မှုများကြောင့် ပြည်တွင်း ပြည်ပ ကုန်သွယ်ရေးများကိုလည်း ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားတိုးတက်သင့်သလောက် မတိုးတက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မိမိတို့အစိုးရအနေဖြင့် ဝိုင်းဝန်းပိတ်ဆို့မှု၊ ဖျက်လိုဖျက်ဆီးလုပ်မှုများ အကြားမှ နိုင်ငံ့စီးပွားရေးကို ရပ်တည်နိုင်အောင် ကြိုးပမ်းခဲ့ရပါသည်။ ၂၀၁၉-၂၀၂၀ တို့တွင် နိုင်ငံ့ GDP တိုးတက်မှုအနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းကာလအတွင်း၌ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင် အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးရမည့် ဘဏ္ဍာငွေများကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၌ သုံးခဲ့ရသဖြင့် စီးပွားရေးတိုးတက်မှုရသင့်သလောက် မရခဲ့သည်ကို တိုင်းရင်းသား မိဘပြည်သူများအားလုံး သိရှိပြီးဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားပေး ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး ( MSME )လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးအမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန် တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ရန်တိုက်တွန်းလိုပါသည်။

မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တစ်နိုင်ငံလုံးတစ်ပြေးညီ အကြားအလပ်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်၍ မရသည့်အတွက် နောက်ကျကျန်ခဲ့ခြင်း အကျိုးဆက်ကို နယ်မြေခံလူထုနှင့် တိုင်းရင်းသားပြည်သူများက ခံစားနေရလျက်ရှိပါသည်။ အသိဉာဏ်ဆင်ခြင်မှုတရား ကင်းမဲ့သော အဖျက်သမား၊ သစ္စာဖောက်များ၏ နှောင့်ယှက်ဖျက်ဆီးမိုက်မဲမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ သို့ဖြစ်၍ တိုင်းရင်းသား ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုး၊ ပြည်သူအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ အချိန်အခါကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများကလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်းနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ( ၆၈ )နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**☆ ယနေ့ အချိန်အခါကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်အချိန်အခါဖြစ်**

**☆ ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများကလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး အတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆို အလေးပြုခြင်းကိုခံယူစဉ်။

**✪ နိုင်ငံတော်စီမံအုပ်ချုပ်ရေးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးပြီး Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆို အလေးပြုခြင်းကို ခံယူသည်။

**ကြိုဆို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားစစ်ရေယာဉ် Admiral Tributs သို့ တက်ရောက်ရာ စစ်ရေယာဉ်မှူး 2nd rank Igor N.TOLBATOV ကကြိုဆိုသည်။

ဆက်လက်၍ သင်္ဘောပေါ်ရှိ စစ်ရေယာဉ်၏ စက်ပိုင်းဆိုင်ရာနှင့် တပ်ဆင်ထားသည့် ကာကွယ်ရေးဆိုင်ရာ လက်နက်များ၏ စနစ်များနှင့် စွမ်းရည်များ၊ ခေတ်မီစနစ်များ တပ်ဆင်ထားရှိသည့် အခြေအနေများ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ရေယာဉ်ပေါ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Russian Pacific Fleet စစ်ရေယာဉ်အုပ်စုမှ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားစစ်ရေယာဉ် Admiral Tributs ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ရုရှားရေတပ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)တို့က ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း 1st MYANMAR–RUSSIA MARITIME SECURITY EXERCISE (MARUMEX) ဖွင့်ပွဲ အထိမ်းအမှတ်ခေါင်းလောင်းနှင့် အထိမ်းအမှတ်တံဆိပ်တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပေးအပ်သည်။

**အထိမ်းအမှတ်တံဆိပ် ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်မှူးထံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်က တည်ခင်း ဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

**စာမျက်နှာ ၅ သို့ »»**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားစစ်ရေယာဉ် Admiral Tributs ပေါ်၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားရေတပ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)တို့က ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း(MARUMEX) ဖွင့်ပွဲအထိမ်းအမှတ် တံဆိပ်ကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားစစ်ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များအတွက် မြန်မာ့တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ရာ စစ်ရေယာဉ်မှူးက လက်ခံရယူစဉ်။

»»» စာမျက်နှာ ၄ မှ

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့အား ချီးမြှင့်ငွေများပေးအပ်ပြီး ရုရှားစစ်ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များအတွက် မြန်မာ့တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ အသီးအနှံများကို ပေးအပ်ရာ စစ်ရေယာဉ်မှူးက လက်ခံရယူသည်။

**ဂုဏ်ပြုပို့ဆောင်နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်ပေါ်မှ ပြန်လည်ထွက်ခွာရာ ရုရှားစစ်ရေယာဉ် ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ ဂုဏ်ပြုပို့ဆောင်နှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားစစ်ရေယာဉ် Admiral Tributs ပေါ်သို့ တက်ရောက်ကြည့်ရှုစဉ်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Aleksei Anciferov ဦးစီး၍ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားကို ကျင်းပခြင်း၊ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း(MARUMEX)ကို ပြုလုပ်သွားမည်ဖြစ်သည်။

ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း 1st MYANMAR–RUSSIA MARITIME SECURITY EXERCISE (MARUMEX) ကို မြိတ်မြို့၏ အနောက်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာတွင် မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်များဖြင့် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဒုတိယအဆင့် အုပ်စုပတ်လည်(က)အဆင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

အဆိုပါ အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲကို(က)အဆင့် အသင်း ၁၆ သင်းဖြင့် အောက်တိုဘာ ၂၀ ရက်မှစ၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ ဇုန် လေးဇုန်၌ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများတွင် ဇုန်အသီးသီးအလိုက် ပထမနှင့် ဒုတိယ ရရှိကြသည့်(က)အဆင့် ရှစ်သင်းနှင့် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှ စတင်ယှဉ်ပြိုင်ကစားမည့်(ခ)အဆင့် ရှစ်သင်း စုစုပေါင်း ၁၆ သင်းတို့ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှစ၍ အကြိုဗိုလ်လုပွဲ၊ တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့၊ မြေသြဇာများပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြအခမ်းအနားသို့ တက်ရောက်အားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့၊ မြေသြဇာများပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဘားအံ နိုဝင်ဘာ ၆

ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့၊ မြေသြဇာများ ပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ထောင်ဝိကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့ တက်ရောက်အားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

**သီးနှံအမယ်စုံစိုက်ပျိုးဖြစ်ထွန်း**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က တိုးတက်လာသည့် လူဦးရေအတွက် စားရေရိက္ခာဖြည့်တင်းရန် စိုက်ပျိုးရေး ထုတ်ကုန်များကို ယခင်ကထက် ပိုမိုတိုးထုတ်လာနိုင်ရန် လိုအပ်သကဲ့သို့ အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဆီ၊ ပဲ ဖူလုံအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် စားသုံး၍ ရသည့် သီးနှံများကို တစ်သီး၊ နှစ်သီး၊ သုံးသီးအထိ မိမိတို့ လယ်ယာမြေများတွင် နေရာလပ်မကျန် အချိန်မီစိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ဆောင်နေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အပြင် လယ်ယာမြေထွန်ယက်စိုက်ပျိုးရန် သဘာဝအရင်းအမြစ်နှင့် သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်သည့်အတွက် ကုန်းမြင့်သီးနှံ၊ မြေနိမ့်သီးနှံ စသည့် သီးနှံအမယ်စုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍများကို အရှိန်အဟုန်မြှင့် တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က တောင်သူများအား နေကြာမျိုးစေ့နှင့် မြေသြဇာများ ထောက်ပံ့ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တောင်သူတစ်ဦးအား နေကြာမျိုးစေ့နှင့် မြေသြဇာ ထောက်ပံ့ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်ဖလား လှေလှော်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှု အားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က မိမိအနေဖြင့် တိုင်းရင်းသားများနှင့် တွေ့ဆုံသည့်အခါတိုင်း တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ပျောက်ကွယ် မသွားအောင် ထိန်းသိမ်း စောင့်ရှောက်ရန် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကို တာဝန်ယူကြသည့် ပုဂ္ဂိုလ်များကို အမြဲတမ်းတိုက်တွန်း ပြောကြားပါကြောင်း၊ ယင်းတာဝန်သည် အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းထားပါကြောင်း ပြောကြားသည်။

**တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က တိုင်းရင်းသားများ အနေဖြင့် မိမိစာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ကိုယ်စီတာဝန်ရှိပါကြောင်း၊ မိမိစာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံကိုလည်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ဒေသအတွင်းရှိသည့် တိုင်းရင်းသားများအားလုံး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပြီး စောင့်ရှောက်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက လိုအပ်ချက်များကိုသက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကရင်၊ ပအိုဝ်း၊ ရှမ်း၊ မွန်၊ ဗမာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၀ ထောက်ပံ့ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး




နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects–QIP)" အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ သုံးစောင် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသရှိ မိုးခေါင်ရေရှားကျေးရွာများတွင် ဆိုလာစွမ်းအင်ဖြင့် ရေပေးဝေရေးစီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"နှင့် "ဌာနဆိုင်ရာ အီလက်ထရောနစ် စာကြည့်တိုက် စီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"တို့ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြပြီး "ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ အသေးစားလေစွမ်းအင်ဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီးပေးရေး စီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စုစုပေါင်း စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ရှိသည့် အဆိုပါ နားလည်မှု စာချွန်လွှာ သုံးစောင် လက်မှတ်ရေးထိုးခြင်းဖြင့် အပူပိုင်းဇုန် မိုးခေါင်ရေရှားသည့်ဒေသများတွင် ဆိုလာစွမ်းအင်ဖြင့် သန့်ရှင်းသောရေ လုံလောက်စွာပေးဝေနိုင်ခြင်း၊ အီလက်ထရောနစ် စာကြည့်တိုက် တည်ထောင်နိုင်ခြင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများကို လေစွမ်းအင်ဖြင့် လျှပ်စစ်မီးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

Quick Impact Project (QIP) သည် စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြုပေးပြီး အလားတူစီမံချက်များအား မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှု စီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၆

အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစား ဖွံ့ဖြိုးမှုစီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍လည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma ဦးဆောင်၍ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီအထောက်အပံ့ပေးရေးကိစ္စရပ်များ၊ မြန်မာ– အိန္ဒိယ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အသေးစားဖွံ့ဖြိုးမှု စီမံချက်များ (Small Development Projects– SDP) အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအောက်မှ စီမံချက်များကို ဆောင်ရွက်ရန်ကိစ္စ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန ကိုးခုတို့မှ အဆိုပြုခဲ့သည့် စီမံကိန်းအဆိုပြုလွှာများကို အသုတ်လိုက် စိစစ်ပြီးစီးသည့် အခြေအနေနှင့် အဆိုပါစီမံချက်များအပေါ် အပြန်အလှန်အကြံပြု၍ အိန္ဒိယဘက်မှ ထပ်မံလိုအပ်သည့် အချက်အလက်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ အကြား အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီ စီမံကိန်းများ အကောင်အထည်ဖော်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အသေးစားဖွံ့ဖြိုးမှုစီမံချက်များသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍများတွင် အချိန်တိုအတွင်း ထိရောက်စွာအကျိုးရှိ အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများကို စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ နှစ်သန်းအောက် ပမာဏဖြင့် ဆောင်ရွက်နိုင်သည့် အကူအညီစီမံချက်များ (Grant Projects) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စမ်းချောင်းမြို့နယ်၌ အရန်မီးသတ်မွမ်းမံသင်တန်း ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာနတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် လေ့ကျင့်မွမ်းမံသင်တန်းအမှတ်(၁/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ ပြုလုပ်သည်။



အခမ်းအနားတွင်စမ်းချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးသက်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသူရဆွေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ပြောကြားသည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လေးပတ်ကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဝင်း**

# ကော့သောင်းမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၁ / ၂၀၂၃) စတင်ဖွင့်လှစ်

ကော့သောင်း နိုဝင်ဘာ ၆

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၁/၂၀၂၃)ကို ယနေ့ နံနက် ၉ နာရီတွင် ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားသည်။

ထို့နောက် စစ်ဗျူဟာအခြေချကော့သောင်းမှ ဗိုလ်မှူးကြီး အောင်သက်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား တူညီဝတ်စုံများ ပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက ဆေးဝါးနှင့် လိုအပ်သည့်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ၁၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသော ခရမ်းစိုးမြင့်၏ဆောင်းပါး ပထမစာပိုဒ်တွင် **"ရှမ်းပြည်နယ်သည် ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထွက်ပြီးနောက် ....."** အစား **"ရှမ်းပြည်နယ်သည် ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထွက်ပြီးနောက် ....."** ဟု ပြင်ဆင်ဖတ်ရှုပါရန် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**စာတည်း**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ကမ္ဘာ့အင်တာနက်ညီလာခံတက်ရောက်ရန် ထွက်ခွာ



**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူကျန်းမြို့၌ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဝူကျန်းထိပ်သီးအစည်းအဝေး [The 2023 World Internet Conference (WIC) Wuzhen Summit] သို့ တက်ရောက်ရန် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဝူကျန်းမြို့သို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counsellor ဖြစ်သူ Mr. Zheng Zhihong နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုနှစ်ကျင်းပသည့် ကမ္ဘာ့အင်တာနက်ညီလာခံ (WIC)ကို "Creating an inclusive and Resilient Digital World Beneficial to All – Building a Community with a Shared Future in Cyberspace" ဟူသည့်ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစပျိုးမှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု၊ ဉာဏ်ရည်တု နည်းပညာ၊ ကွန်ပျူတာစွမ်းရည်ကွန်ရက်၊ ဆိုက်ဘာလုံခြုံရေး၊ ဒေတာအုပ်ချုပ်မှု၊ လူငယ်နှင့် ဒစ်ဂျစ်တယ်အနာဂတ်၊ ဒစ်ဂျစ်တယ်သိနားလည်မှုနှင့် ကျွမ်းကျင်မှု မြင့်တင်ရေး၊ ပုံစံသစ်နှင့် e-commerce ဖွံ့ဖြိုးတိုးတက်မှု၊ Digital Economy စသည့် ခေါင်းစဉ်များ ပါဝင်သည့် ဖိုရမ်ခွဲပေါင်း ၂၀ ကိုလည်း စီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် အာဆီယံ-တရုတ် ဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ


**နေပြည်တော် နိုဝင်ဘာ ၆**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ နိုဝင်ဘာ ၃ ရက်မှ ၄ ရက် အထိကျင်းပသည့် အာဆီယံ-တရုတ် ဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်သို့ ရောက်ရှိစဉ် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား တရားဝင်အလုပ်အကိုင်ရရှိရေးနှင့် တရားမဝင်သွားရောက်မှု လျှော့နည်းပပျောက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး အပြည့်အဝရရှိရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ရေးနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပဆိုက်ရောက်၊ ထွက်ခွာနေရာတို့၌ ဖွင့်လှစ်ထားသည့် မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာ(Myanmar Migrant Workers' Reporting Counter)များတွင် ပြည်ပနိုင်ငံများသို့ Job Passport(PJ) ကိုင်ဆောင်ထွက်ခွာမည့်သူများအား ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ကိုင်ဆောင်မှု ရှိ၊ မရှိနှင့် ယင်းကတ်ပြားအား အတုအစစ်ခွဲခြားစစ်ဆေးမှု ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်၍ ဆေးရုံကြီးပရဝုဏ်နှင့် ဝန်ထမ်းအိမ်ရာများအတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် စိမ်းလန်းသာယာရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တရုတ်နိုင်ငံ၌ ကျင်းပသည့် ရေကြောင်းပိုးလမ်းမကြီး ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးညီလာခံသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် နိုဝင်ဘာ ၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Shangri-La Nanning ဟိုတယ်၌ကျင်းပသည့် ရေကြောင်းပိုးလမ်းမကြီး ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးညီလာခံသို့ တက်ရောက်၍ Keynote Speech ပြောကြားခဲ့သည်။



အဆိုပါညီလာခံကို China Academy of Cultural Heritage၊ ကွမ်ရှီးဒေသ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနနှင့် Cultural Heritage Bureau of Guangxi Zhuang Autonomous Region တို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Cultural Heritage Administration of China နှင့် ကွမ်ရှီးဒေသအစိုးရတို့မှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးအဆင့် အကြီးအကဲများ၊ အဆင့်မြင့်အရာရှိများ၊ အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် သီရိလင်္ကာ နိုင်ငံများမှ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် မြန်မာနိုင်ငံကိုယ်စားပြု အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ယင်းညီလာခံကို တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးတွင် အပြန်အလှန် ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်နှင့် အနာဂတ်ကို အတူမျှဝေနိုင်သည့် တရုတ်-အာဆီယံအသိုက်အဝန်း တည်ထောင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၄ ရက်က ရေကြောင်းပိုးလမ်းမပေါ်ရှိ အမွေအနှစ်နေရာများဖြစ်သော ပေ့ဟိုင်မြို့ရှိ ယခင်ဗြိတိသျှကောင်စစ်ဝန်နေအိမ်ပြတိုက်၊ ပေ့ဟိုင်ရှေးဟောင်းလမ်း၊ ယခင်ပေ့ဟိုင်အကောက်ခွန်ရုံးအဆောက်အအုံတို့သို့လည်းကောင်း၊ ဟယ်ဖူစီရင်စုရှိ ဟန်ခေတ်မင်းဆက်ယဉ်ကျေးမှုပြတိုက်၊ ပိုးလမ်းမဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြတိုက်နှင့် ပိုးလမ်းမဆိပ်ကမ်းတို့သို့လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက်တွင် တရုတ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Pan Feng ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်မရောမြို့နယ်၌ အခြေခံပညာကျောင်းများတွင် အားကစားပြိုင်ပွဲအတွက် မြို့နယ်အဆင့်လူရွေးပွဲ ပြုလုပ်

**ကျိုက်မရော နိုဝင်ဘာ ၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ပညာရေးမှူးရုံးကဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မြို့နယ်အဆင့် လူရွေးချယ်ပွဲကို ယနေ့ နံနက် ၈ နာရီမှစတင်၍ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဉာဏ်လင်းက အားကစားသမားများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြို့နယ်အဆင့် လက်ရွေးစင်ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများသည် မော်လမြိုင်ခရိုင်၌ ခရိုင်အဆင့် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထပ်မံရွေးချယ်ခံရပါက ခရိုင်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံး၊ အမျိုးသမီးဘောလုံး၊ ဘော်လီဘောပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောနှင့် ပြေးခုန်ပစ်ကစားနည်းများကို နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ မြို့နယ်အားကစားကွင်း၌ ပြိုင်ပွဲများကျင်းပ၍ လူရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ- ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ဆက်လက်ဖျော်ဖြေ




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskandar Azizov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့တို့မှ အနုပညာရှင်များက ဖျော်ဖြေကြရာ ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့က ရုရှားသီချင်းများ၊ အကအလှများအပါအဝင် မြန်မာတေးသီချင်းကိုလည်းကောင်း၊ မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတအဖွဲ့က ဆန်းသစ်လှပ ပုဂံယိမ်းအက အပါအဝင် ရုရှားတေးသီချင်း ဖြစ်သည့် Katyuha သီချင်းနှင့် Kalinka တေးသီချင်းတို့ကို မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ ဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြိုင်ဆိုင်စွာတီးခတ်ပြီး ရုရှားတေးသီချင်း ဖြစ်သည့် Ar Thi Na Si Me Yar ကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေမှုများ အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတအဖွဲ့ကို လည်းကောင်း ဂုဏ်ပြုပန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ၊ ရုရှားစစ်ရေယာဉ်ပေါ်တွင်ပြုလုပ်သည့် ညစာစားပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် နိုဝင်ဘာ ၄ ရက် ညပိုင်းတွင် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အခမ်းအနားတွင် ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၊ တပ်မတော်(ရေ) သံစုံတီးဝိုင်းအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့တို့က တေးသီချင်းများ၊ အကပဒေသာများနှင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၅ ရက် ညပိုင်းတွင်လည်း ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ရုရှားစစ်ရေယာဉ် Admiral Tributs ပေါ်သို့ တက်ရောက်လေ့လာကြည့်ရှုပြီး ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A. EVMENOV က ရုရှားစစ်ရေယာဉ် Admiral Panteleev ပေါ်တွင် အပြန်အလှန် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**



ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေး ဆိုင်ရာ လေ့ကျင့်ခန်း၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကျင်းပခဲ့ရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV နှင့် နှစ်နိုင်ငံရေတပ်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်၌ နှစ်နိုင်ငံ ရေတပ်စစ်ရေးပြတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအလံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံတော်တို့ကို နိုင်ငံတော်သီချင်းများတီးမှုတ်၍ အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် လေ့ကျင့်ခန်း အဖွင့်အမှာစကားများ ပြောကြားခြင်း၊ လေ့ကျင့်ခန်း အထိမ်းအမှတ် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ခြင်း၊ မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေး ဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်လှစ်ကြောင်း ကြေညာခြင်းနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းတွင် တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်၊ စစ်ရေယာဉ်များသည် ရုရှားရေတပ်မှ စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များနှင့်ပူးပေါင်း၍ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေး လေ့ကျင့်ခန်းများ၊ ရေကြောင်းလုံခြုံရေး ဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလေ့ကျင့်ခန်းအတွင်း နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ ပါဝင်လေ့ကျင့်ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုက်မရောမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**ကျိုက်မရော နိုဝင်ဘာ ၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းက သင်တန်းကာလအတွင်း သင်ခန်းစာများကို ပိုမိုကျွမ်းကျင်အောင် လေ့ကျင့်ကြရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်သည်။

အဆိုပါအရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျေးရွာအုပ်စု ၁၇ အုပ်စုမှ တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# သူရမင်းဒင် (သို့) သူရဘွဲ့ ရရှိခဲ့သူတစ်ဦး၏ တိုက်ပွဲဝင်မှတ်စု

မြေဆီလွှာ

၁၉၅၉ ခုနှစ်၊ မေလ ၁၅ ရက်နေ့။ ရှမ်းရိုးမမှာ နှင်းရည်ခန်းလို့ မိုးပန်းတွေ ကျဆင်းတဲ့ဝသန္တရာသီတွင်းကို ချင်းနင်းစအချိန် လင်းအရုဏ်မြူးကြွစကြည်နူးစရာ ဒီအချိန်မှာ မြူခိုးပန်းကို ဆင်မြန်းထားကြတဲ့ ရှမ်းရိုးမတောင်တန်းကြီးတွေကို မပီဝိုးတဝါး မြင်နေရတဲ့အချိန် စစ်မြေတစ်နေရာမှာ လွမ်းမောဖွယ်ရှုခင်းတွေကို ကြည်နူးနေစဉ်မှာ သဲသဲမဲမဲပေါက်ကွဲသွားကြတဲ့ ၈၁ မီလီမီတာ စိန်ပြောင်းသံတွေကြောင့် နံနက်စောစော အိပ်မောကျနေတဲ့ ဝမ်တုံခေါ် မိုင်ဖုံးဒေသကလေးကို လှုပ်နှိုးလိုက်သလို ရှိတော့တယ်။

မနေ့က ရန်သူတို့လက်မှ ပြန်သိမ်းပိုက်ခဲ့တဲ့ ဒီနယ်မြေကို ဒီနေ့ ရန်သူတို့က ပြန်လိုချင်နေကြတယ်။ စိန်ပြောင်းသံနဲ့အတူ စက်ကြီး၊ စက်လတ်သံတွေကလည်း ဘဝဂ်သို့ ညံသွားတယ်။ ရန်သူတွေဟာ မိမိတို့ ခံစစ်စည်းကို နည်းအမျိုးမျိုးနဲ့ ထိုးဖောက်ဖို့ ဆင်ဆိုးတစ်ကောင်လို သောင်းကျန်းလို့နေကြတယ်။

ရှေ့တူရူ ရန်သူဘက်သို့ မိမိရဲ့စက်သေနတ်နဲ့ အဆက်မပြတ် ပစ်ခတ်ရင်း ကတုတ်ကျင်းကို အရယူလိုက်ရတယ်။ ရဲဘော်ရဲဘက်တွေရဲ့ သေနတ်က မီးပွားတွေ လွှတ်ထုတ်လိုက်တာကိုလည်း မြင်လိုက်ရတယ်။ မိမိတို့ဘက်မှ ချစ်ရဲဘော်တွေ ပစ်ခတ်လိုက်တဲ့ သုံးလက်မ စိန်ပြောင်းတွေကြောင့် ရန်သူ့တောင်ကုန်းမှာ မီးလုံးတွေ တဖွားဖွား ပေါက်ကွဲနေတာကိုလည်း မြင်နေရတယ်။ မနေ့က တိုက်စစ်၊ ယနေ့တော့ ခံစစ်နဲ့ ထိုးဖောက်လာတဲ့ ဆင်ဆိုးကို အစွယ်ကျိုးအောင် သတ်ရတော့မယ်။

ရန်သူတွေက သူတို့အတွက် မြေအနေအထား သာလွန်ကောင်းမွန်တဲ့ မျက်နှာစာဘက်က ဖိအားပေးပြီး တိုက်နေကြတယ်။ ရန်သူနေရာယူထားတဲ့ တောင်ကုန်းနဲ့ မိမိတို့ခံစစ်ကုန်းကို ဆက်နေတဲ့ တောင်ကြောဟာ ရန်သူဘက်မှ တဖြည်းဖြည်း နိမ့်ဆင်းလာပြီး မိမိဘက်ကို တဖြည်းဖြည်းမြင့်တက်လာတဲ့အတွက် အင်အားသာတဲ့ ရန်သူအတွက် အသာစီးရတဲ့ ချဉ်းကပ်ရာ လမ်းပဲဖြစ်ပါတယ်။ မိမိတို့ နေရာယူထားတဲ့နေရာကို ရန်သူဘက်ကကြည့်ရင် လွယ်ကူစွာ လုံးစွပ်ထိုး ချေမှုန်းနိုင်မယ်လို့ ထင်ရပေမယ့် တကယ်တော့ မိမိတို့ ကတုတ်ကျင်းများက ၁၀ ပေခန့်မြင့်တဲ့ ကမ်းပါးပေါ်တွင် ရှိနေတဲ့အတွက် ဒင်းတို့ ချက်ချင်းတက်နိုင်စွမ်းမရှိတဲ့ မြေအနေအထားပဲ ဖြစ်ပါတယ်။

**မိမိတို့အင်အားနဲ့ ဆယ်ဆမကများပြားနေတဲ့ လူလှိုင်းကြီးများ**

နေရောင်ခြည်ရောက်လို့ မိုးပန်းတွေ ပျောက်တဲ့အချိန်မှာ ရန်သူတို့ အနေအထားကို သဲကွဲစွာ မြင်လာရတယ်။ မနေ့က အထိနာသွားတဲ့ ရန်သူဟာ ရရာစစ်ကူတွေကို စုစည်းလာပုံရတယ်။ မိမိတို့အင်အားနဲ့ ဆယ်ဆမက များပြားနေတဲ့ လူလှိုင်းကြီးများကိုလည်း အတိုင်းသား မြင်နေရတယ်။

သားချင်းတွေ မြေပေါ်ကို မတရားကျူးကျော်နေကြရုံမျှမက တရားသောစစ်နဲ့ ကာကွယ်တာကိုပင် ဒင်းတို့က ရပိုင်ခွင့်တစ်ခုအနေနဲ့ ဒီနယ်မြေကို လက်မလွှတ်ချင်ကြ။ တရားသဖြင့် ဝင်ရောက် နေရာယူခဲ့ကြတဲ့ မိမိတို့တပ်ကိုပင် အစိမ်းလိုက်ဝါးစားတော့မယ့်အတိုင်း လူအားနဲ့ ဝါးမျိုဖို့ ကြိုးစားလို့နေကြပြန်တယ်။

ဒီတိုက်ပွဲဖြစ်စဉ်ကြောင့် လွန်ခဲ့တဲ့အတိတ်က အရိပ်များကို ပြန်ပြောင်းလို့ မြင်ယောင်မိပြန်တယ်။ ကုန်းဘောင်ခေတ် ဘိုးဘေးဘီဘင်တွေဟာ ထိုမတရားသော စစ်အတွက် အသက်ပေးပြီး ခုခံတိုက်ခိုက်ခဲ့ကြတာ ဒီနယ်မြေမှာပဲဖြစ်ပါတယ်။ မင်းရဲသီဟသူ၊ ဗလမင်းထင်နဲ့ စံလှကြီးတို့ဆိုရင် တစ်ဖက်ရန်သူတွေပင် လေးစားရတဲ့အထိ သူရသတ္တိပြောင်မြောက်ခဲ့ကြကြောင်း ရံဖန်ရံခါ မိဘတွေရဲ့ ပြောစကားကို ကြားယောင်လာမိတယ်။

စစ်ပညာသင်ယူစဉ်က ဆရာတို့ရဲ့စကားကိုလည်း ကြားယောင်လာပြန်တယ်။ “ငါတို့ တပ်မတော်ဟာ တိုင်းတစ်ပါးကို ကျူးကျော်ဖို့ မဟုတ်ဘူး။ အမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာတဲ့ ရန်သူကို ခုခံကာကွယ်ဖို့ပဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် တရားသောစစ်ကို ဆင်နွှဲဖို့ပဲဖြစ်တယ်။ ဒါကြောင့် ငါတို့ရဲ့မြေကို တစ်လက်မတောင် အထိမခံနဲ့၊ အသေခံတိုက်ကြ၊ ကျူးကျော်လာတဲ့ ရန်သူမှန်သမျှကို အမြစ်ပါမကျန်အောင် တိုက်ထုတ်မယ်၊ ရဲဘော်တို့၊ ရဲဘော်ဆိုတာ ရဲဘော်မသေ သေသော်ငရဲမလားဘူး” တဲ့။

မိမိတပ်ရဲ့ လက်ရှိအခြေအနေကတော့ စတင်အထိုးခံလိုက်ရတဲ့ လက်ဝှေ့သမားလိုပဲ၊ အံကြိတ်ကာ တိမ်းရှောင်ရင်း ရန်သူကို ပြန်လှန်ထိုးသတ်ဖို့ ကြိုးစားနေရတဲ့ အခြေအနေပဲဖြစ်ပါတယ်။

လင်းအရုဏ်တိုက်ပွဲကို စနစ်တကျဆင်နွှဲနိုင်ခဲ့တဲ့ ရန်သူအဖို့ တစ်ပန်းသာနေတယ်။ စတင်ပစ်ခတ်လိုက်တဲ့ လက်နက်ကြီး၊ လက်နက်ငယ်တွေရဲ့ ပစ်အားတွေဟာ ဘယ်ညာလက်သီး စုံပစ်သွင်းနိုင်တဲ့ လက်ဝှေ့သမားလို အသာစီးရသွားခဲ့ပါတယ်။ မိုင် ၂၀၀ ကျော် ခရီးကို သုံးရက်ကျော်ခြေကျင်ချီတက်ပြီး အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရတဲ့အတွက် စစ်သည်တွေ စစ်ပန်းနေကြတယ်။ ဒီအချိန်ကို အခွင့်ကောင်းယူပြီး တန်ပြန်တိုက်ခိုက်ကြခြင်း ဖြစ်ပါတယ်။ မနေ့က အထိနာလို့ ဆုတ်ခွာသွားတဲ့ ရန်သူတွေအစား အားသစ်အင်သစ်အပြည့်ရှိတဲ့ ရန်သူများက ယနေ့ ထိုးစစ်ဆင်နေတဲ့အတွက် လူနာနဲ့လူကောင်း တိုက်ရတဲ့ပွဲပါပဲ။

**ဗမာပီပီ၊ ဗမာ့သွေးကိုပြရမယ့်နေ့**

ယနေ့တော့ ဗိုလ်ချုပ်အောင်ဆန်း တပ်ထွက်မိန့်ခွန်းနဲ့အညီ ဗမာပီပီ၊ ဗမာ့သွေးကိုပြရမယ့်နေ့ပင်။ ရဲဘော်တွေက အားသစ်စိတ်သစ်ကိုမွေးပြီး ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်နေကြတယ်။ အခြေအနေပေးရင် ခံစစ်မှထိုးစစ်သို့ပြောင်းနိုင်ဖို့ ကြိုးပမ်းနေကြတယ်။ ဒဏ်ရာရတဲ့ ရဲဘော်တွေကလည်း မညည်းညူကြ။ မီးတောင်ပေါက်ကွဲစဉ်က ပွန်ပေမြို့ကြီးနဲ့အတူ ချော်ရည်အောက် ရောက်သွားတဲ့ ရောမစစ်သည်တွေလို ဘေးအန္တရာယ်မှန်သမျှကို ကြံ့ကြံ့ခံနေကြတယ်။

မိမိတို့ရှေ့တန်းခံစစ်စည်းကို ချိုးဖောက်ဖို့ တက်လာတဲ့ ရန်သူဟာလည်း ရှေ့တန်းက ပြိုကျသွားတဲ့ ရန်သူအလောင်းများအပေါ် ကျော်ကျော်ပြီး လှိမ့်တက်နေကြတယ်။ ဒါပေမဲ့ မိမိတို့ဘက်က ကျည်အားနဲ့ တားထားခြင်းကြောင့် အလောင်းချင်းထပ်လို့သာ နေတော့တယ်။

စစ်ပွဲကြာညောင်းလာတာနဲ့အမျှ မိမိဘက်က ပစ်အားတွေ ယုတ်လျော့လာပြီ။ ရန်သူရဲ့ ပစ်အားက များလို့များလို့လာနေကြတယ်။ ရန်သူရဲ့ ချဉ်းကပ်မှုကလည်း ပိုလို့ပိုလို့ နီးကပ်လာနေတယ်။ မိမိတို့ရဲ့ ခံစစ်ကုန်းဟာလည်း မီးဟုန်းဟုန်းတောက်လောင်ကာ ရှေ့တန်းခံစစ်စည်းလည်း ကျိုးပဲ့ပျက်စီးကုန်လေပြီ။ မိမိအပါအဝင် ရဲဘော်တွေလည်း ဒဏ်ရာလွတ်သူမရှိကြတော့။ မိမိအဖို့ ကံကောင်းလို့ ခြေလက်အကောင်းကျန်ပြီး ရန်သူကို ပစ်ခတ်နိုင်ပေမယ့် အချို့ရဲဘော်များ မလှုပ်ရှားနိုင်တော့။

ရန်သူရဲ့ စစ်နည်းဗျူဟာက ပထမပိုင်း ပစ်အားနဲ့ ချေမှုန်းခဲ့တယ်။ ဒုတိယကျည်ကွယ်၊ မျက်ကွယ်ယူပြီး ချဉ်းကပ်လာကြတယ်။ တတိယ အဆင့်အနေနဲ့ လုံးစွပ်ထိုးဖို့ လက်ပစ်ဗုံးနဲ့ ချေမှုန်းနေကြပြီ။ မိမိတို့ ယခုအချိန်အထိ ကံကောင်းနေသေးတာက ရန်သူအနေနဲ့ မိမိတို့ကုန်းကို တက်ဖို့ အနည်းငယ်နက်ရှိုင်းတဲ့ကမ်းပါးက ခံပေးလို့ပင်။

ထိုကမ်းပါးကို တက်နိုင်ပြီးပါက မိမိတို့ရဲ့ ခံစစ်စည်းကို အလွယ်တကူပင် သိမ်းပိုက်နိုင်ကြတော့မယ်။ လက်ရှိအခြေအနေက မိမိတို့ ရှေ့တန်းပစ်အားကို ရန်သူရဲ့ ပစ်အားက ဦးနှိမ်ထားပြီး ကျသွားတဲ့ ရဲဘော်တွေရဲ့ ကျင်းနှုတ်ခမ်းမှ သေနတ်ပြောင်းများကို ကမ်းပါးအောက်မှ ရန်သူများက လှမ်းဆွဲနေကြတယ်။

သူတို့အပေါ်က မိမိတို့နေရာယူထားတဲ့ကျင်းထဲကို လက်ပစ်ဗုံးတစ်လုံးပြီးတစ်လုံး ပစ်ထည့်နေကြတယ်။ မိမိရဲ့ ကျင်းထဲကိုကျလာတဲ့ လက်ပစ်ဗုံးတွေကိုလည်း ရန်သူ့ထံပြန်ပစ်ဖို့ အချိန်မရလို့ ကောက်ပစ်နေရပြန်တယ်။

ရှေ့တူရူမှရန်သူ့စက်ကလည်း မိမိအား သဲသဲမဲမဲ ဒုက္ခပေးနေတယ်။ မျက်နှာချင်းဆိုင်မှ ကျည်ဆန်က မိမိထံ ဖြောင့်တန်းစွာဝင်လာသလိုပဲ မိမိရဲ့စက်သေနတ်က ကျည်များကိုလည်း ရန်သူ့ထံ တန်ပြန်လွှတ်နေရတယ်။

ခက်တာက အောက်မှ လက်ပစ်ဗုံးနဲ့ လှမ်းလှမ်းဒုက္ခပေးနေတဲ့ ရန်သူကို အပေါ်စီးပစ်ခတ်ရန်က ရပ်ပြီးပစ်မှဖြစ်မယ်။ ထရပ်ဖို့ မဆိုထားနဲ့ ကျင်းနှုတ်ခမ်းပေါ် ခေါင်းပေါ်တာနဲ့ ခေါင်းပြတ်ပါသွားနိုင်တယ်။ ဒါကြောင့် လက်လှမ်းမီရာကို ပြန်လှန်ပစ်ခတ်နေရုံမှအပ ဘာမှမတတ်နိုင်ခဲ့။

ဒီအချိန်မှာတော့ တိုက်ပွဲကို တစ်ချိန်လုံးကွပ်ကဲနေတဲ့ ဖခင်တပ်ရင်းမှူးကြီးအနေနဲ့ ရရာအင်အားကို စုစည်းပြီး မိမိတို့ထံ အမြန်လာရောက်ကူညီနိုင်ပါစေလို့ပဲ ဆုတောင်းနေမိတယ်။ ကမ်းပါးယံအောက်က ရန်သူအချို့ကလည်း ပစ်အားကောင်းနေတဲ့ မိမိရဲ့ စက်သေနတ်ပြောင်းကို လှမ်းလို့ပင် ဆွဲနေပြန်တယ်။ ဒီအချိန် လက်ပစ်ဗုံးတစ်လုံးလောက်ရရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ထဲကဖြစ်မိတယ်။ လာပြန်ပြီ ကျင်းထဲသို့ လက်ပစ်ဗုံးတစ်လုံး၊ နှစ်လုံး၊ သုံးလုံး ဆက်တိုက်ကျလာတဲ့လက်ပစ်ဗုံးများကို အားရှိသလောက် ကောက်ပစ်ခဲ့သော်လည်း တတိယအလုံးအကောက်တွင် မြက်ဖုတ်ကို ရောဆုပ်မိတဲ့အတွက် လက်ထဲတွင်ပဲ ပေါက်ကွဲသွားတော့တယ်။

ခေတ္တမျှ အံ့အားသင့်ပြီး နားလည်းမကြားရ၊ မျက်စိလည်းမမြင်ရ၊ မီးခိုးရှင်းအောင် အောင့်အည်းသည်းခံနေချိန်မှာ အပါယ်သား ရန်သူများက မိမိအား ဝိုင်းထားကြလေပြီ။ သေပြီအထင်နဲ့ မဆင်မခြင် ကတုတ်ကျင်းနှုတ်ခမ်း ရပ်လာကြတဲ့ ရန်သူတွေကို ရှိသမျှအားဖြင့် စက်ကလေးမောင်းခလုတ်ကို တအားကုတ်ဆွဲလိုက်ရတယ်။ ကျင်းနှုတ်ခမ်းမှ ကျွမ်းပြန်ကျသွားတဲ့ ရန်သူတွေကို အားယူကာ စက်ကိုပိုက်ပြီး လိုက်ပစ်နေစဉ်မှာပဲ ရှေ့တူရူမှ ရန်သူ့ကျည်နှစ်တောင့်က မိမိရဲ့ ခန္ဓာတွင်းသို့ ဖောက်ထွင်းလို့သွားကြပြန်တယ်။ ရန်သူ့ကျည်နှစ်တောင့်ရဲ့ ဆောင့်တွန်းလိုက်တဲ့ အားကြောင့် မိမိကျင်းအတွင်းသို့ နောက်ပြန်ဆင်းလိုက်ရတယ်။ တစ်ချိန်လုံး ထွေးပိုက်ပြီး တိုက်ပွဲဝင်ခဲ့တဲ့ ချစ်ရဲဘော် စက်သေနတ်လည်း ရန်သူ့ကျည်ဒဏ်ကြောင့် အစိတ်စိတ် ကျိုးပဲ့ပျက်စီးလို့သွားပေပြီ။

**တိုက်ခိုက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ အားမာန်တွေ**

အမိနိုင်ငံတော်ရဲ့ မြေပေါ်ကို ကျူးကျော်လာတဲ့ ရန်သူမှန်သမျှကို အမြစ်ပါမကျန်အောင် တိုက်ခိုက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ အားမာန်တွေ တင်းထားခဲ့ပေမယ့် ထိမှန်ထားတဲ့ ဒဏ်ရာတွေကြောင့် အတန်တန် အံကြိတ်ပြီး စိတ်ကိုတင်းထားပေမယ့် ဒူးညွတ်လို့သွားလေပြီ။ ဘေးက အမှီအတွယ်တွေကိုလည်း မြင်နိုင်စွမ်းမရှိတော့။ အားတင်းထားတဲ့ကြားက ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးလို့သွားခဲ့လေပြီ။

ပူနွေးသော မျက်ရည်ပေါက်တွေရဲ့ ထိတွေ့မှုကြောင့် သတိတစ်ဖန် ပြန်ရချိန်မှာတော့ ဖခင်ရဲ့ရင်ခွင်တွင်းမှာ ပွေ့ဖက်ခြင်းခံထားရတာကို သိလိုက်ရတယ်။ ဖခင်တပ်ရင်းမှူးကြီးရဲ့ ဒေါမာန်တကြီး အော်ပြီး အမိန့်ပေးနေတဲ့ အသံကလည်း “ခွေးမျိုးကျူးကျော်ကောင်တွေ၊ တို့မြေကို တစ်လက်မမှ မပေးနဲ့၊ ကျည်ဆန်ကုန်ရင် သေနတ်နဲ့ရိုက်၊ သေနတ်ကျိုးရင် ခြေနဲ့ကန်ထုတ်ကြ”ဟု ပြင်းထန်သော အမိန့်သံက ကောင်းကင်ယံကို လျှံထွက်နေတယ်။ **စာမျက်နှာ ၁၁ သို့** ✧

> **ယနေ့တော့ ဗိုလ်ချုပ်အောင်ဆန်း တပ်ထွက်မိန့်ခွန်းနဲ့အညီ ဗမာပီပီ၊ ဗမာ့သွေးကိုပြရမယ့်နေ့ပင်။ ရဲဘော်တွေက အားသစ်စိတ်သစ်ကိုမွေးပြီး ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်နေကြတယ်။ အခြေအနေပေးရင် ခံစစ်မှထိုးစစ်သို့ ပြောင်းနိုင်ဖို့ ကြိုးပမ်းနေကြတယ်။ ဒဏ်ရာရတဲ့ရဲဘော်တွေကလည်း မညည်းညူကြ။ မီးတောင်ပေါက်ကွဲစဉ်က ပွန်ပေမြို့ကြီးနဲ့အတူ ချော်ရည်အောက်ရောက်သွားတဲ့ ရောမစစ်သည်တွေလို ဘေးအန္တရာယ်မှန်သမျှကို ကြံ့ကြံ့ခံနေကြတယ်။**
>
> **ရှိသမျှအားကို စုစည်း၍ ဖခင်တပ်ရင်းမှူးကြီးရဲ့မျက်နှာကို နောက်ဆုံးအနေနဲ့ကြည့်ရင်း ရှေးသူရဲကောင်းတို့ဟာ သေငယ်ဇောနဲ့ မျောမနေလိုကြ။ ရတဲ့အချိန်မှာ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးကို အာရုံပြုတတ်ကြတယ်ဟု မိဘတို့ပြောစကားကို ကြားယောင်လာပြန်တယ်။ ဒါကြောင့် ရတနာမြတ်သုံးပါးကို အာရုံပြုပြီးနေမိတယ်။ တစ်ချိန်တည်းမှာပဲ မိဘဆရာတွေရဲ့ “ရဲဘော်တို့၊ ရဲဘော်ဆိုတာ ရဲဘော်မသေ သေသော်ငရဲမလားဘူး” ဆိုတဲ့ အသံတွေကိုလည်း ကြားယောင်လို့နေမိပြန်တယ်။**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် အနောက်မြောက် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိ ခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စေတနာရှင်အလှူရှင်များက စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၈ သိန်းနှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဂုဏ်ပြုပေးအပ်**

အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် စေတနာရှင်အလှူရှင်များက စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၇၆၂ သိန်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ လာရောက်ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့ပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ယနေ့နံနက်ပိုင်းတွင် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစားသောက်ဖွယ်ရာများကို လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။

# အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ်(၁၁)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၇) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင်ဦးစိုးတင့်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု ပညာရပ်များကို စဉ်ဆက်မပြတ် လေ့ကျင့်ပေးသည့် ဝန်ထမ်းတက္ကသိုလ်ဖြစ်စေရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုကို အထောက်အကူဖြစ်စေရန်၊ ပြည်သူကို အကျိုးပြုမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ဖြစ်ပါကြောင်း၊ တက္ကသိုလ်ရှိ ပညာဌာနရှစ်ခုမှ ဆရာ ဆရာမများနှင့် ပြည်တွင်းမှ ပြင်ပ ပညာရှင်များက လက်ရှိခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီပြုစုထားရှိသော သင်ရိုးညွှန်းတမ်းများဖြင့် ဆွေးနွေးပို့ချလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားပို့ချမှုမှရရှိသော အတွေ့အကြုံ၊ အသိပညာရပ်များကို လုပ်ငန်းတွင် လက်တွေ့အသုံးချစေလိုပါကြောင်း ပြောကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၁)သို့ သင်တန်းသား ၆၅ ဦး၊ သင်တန်းသူ ၇၁ ဦး စုစုပေါင်း ၁၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၇)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၈ ဦး၊ သင်တန်းသူ ၃၀၁ ဦး စုစုပေါင်း ၄၈၉ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✧ **စာမျက်နှာ ၁၀ မှ**

ဒီအသိကြောင့် တစ်ချိန်လုံး သဲသဲမဲမဲ ကျွဲရိုင်းတစ်ကောင်ပမာ ဆိုးသွမ်းစွာ ဖိတိုက်နေတဲ့ ရန်သူဟာ အရန်အင်အားကိုသုံးပြီး စနစ်တကျ ထိုးစစ်ဆင်လိုက်တဲ့ ဖခင်ရဲ့ စစ်နည်းဗျူဟာကြောင့် မရှုမလှ ထွက်ပြေးကြရလေပြီဟု သိလိုက်မိတယ်။

တစ်ချိန်တည်းမှာပဲ ဟိုတုန်းက မိဘစကားတစ်ဆင့်သာ ကြားဖူးတဲ့ သူရဲကောင်း မင်းရဲသီဟသူ၊ ဗလမင်းထင်နဲ့ စံလှကြီးတို့ကို ယခုတော့ မျက်ဝါးထင်ထင် တွေ့မြင်နေရတဲ့အလား ဖခင်တပ်ရင်းမှူးကြီးရဲ့ မျက်နှာအသွင်အပြင်ကို မြင်နိုင်သောစွမ်းအားဖြင့် ကြိုးစားပြီး ကြည့်နေမိတယ်။

ကျွန်တော့်ရဲ့အကြည့်ကို ဖခင်က မချိပြုံးဖြင့် “ငါ့သား မသေနိုင်ပါဘူး၊ အားတင်းထားပါ၊ မကြာခင် လေယာဉ်လာပါလိမ့်မယ်” တဲ့။ ဒါပေမဲ့ ကျွန်တော့်ရုပ်အဆင်းက မသေမီကပင် ဘဝပြောင်းနေတဲ့အတွက် ဖခင်အနေနဲ့ အဘယ်မှာလျှင် ရတက်အေးနိုင်ပါ့မလဲ။

လက်ထဲမှာကွဲသွားတဲ့ ဗုံးဆန်တွေဟာ မျက်နှာ၊ လည်ပင်းနဲ့ ရင်ဘတ်တို့မှာ ပြန့်ကြဲစွာစူးဝင်နေခြင်းကြောင့် သွေးချင်းချင်းရဲနေတယ်။ ကျည်ဆန်ရာနှစ်ပေါက်က အောက်သို့စီးကျနေတဲ့ သွေးတွေကလည်း ပိတ်ထားသော ဖခင်ရဲ့လက်ကြားမှ တအားယိုစီးလို့နေကြတယ်။ ဒီအဖြစ်ကို မြင်နေရတဲ့ ဖခင်အနေနဲ့ မိမိကိုအားတင်းခိုင်းရသော်လည်း စက္ကန့်ပိုင်းအတွင်း သူ့အားခွဲခွာသွားတော့မှာပါလား ဆိုတဲ့ အသိကြောင့် မချိတင်ကဲဖြစ်နေပုံရတယ်။ ဒါကြောင့် သူ့မျက်ရည်ပေါက်တွေက မိမိရဲ့ပါးပေါ်သို့ တွဲလွဲခိုခုန်ဆင်းနေကြဆဲပင်။

ရှိသမျှအားကို စုစည်း၍ ဖခင်တပ်ရင်းမှူးကြီးရဲ့ မျက်နှာကို နောက်ဆုံးအနေနဲ့ကြည့်ရင်း ရှေးသူရဲကောင်းတို့ဟာ သေငယ်ဇောနဲ့ မျောမနေလိုကြ။ ရတဲ့အချိန်မှာ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးကို အာရုံပြုတတ်ကြတယ်ဟု မိဘတို့ ပြောစကားကို ကြားယောင်လာပြန်တယ်။ ဒါကြောင့် ရတနာမြတ်သုံးပါးကို အာရုံပြုပြီးနေမိတယ်။ တစ်ချိန်တည်းမှာပဲ မိဘဆရာတွေရဲ့ “ရဲဘော်တို့၊ ရဲဘော်ဆိုတာ ရဲဘော်မသေ သေသော်ငရဲမလားဘူး” ဆိုတဲ့ အသံတွေကိုလည်း ကြားယောင်လို့နေမိပြန်တယ်။

ဘာပဲဖြစ်ဖြစ် လူ့ဘဝ တစ်သက်တာမှာ ကိုယ့်ငန်းကိုယ့်တာ ကျေခဲ့ပြီမို့ ဘဝဆိုတာ “ရေပွက်ပမာ တစ်သက်လျာတည်း” ဟူသော အသိနဲ့ “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန်” ဟုသာ အဓိဋ္ဌာန်ပြုလိုက်ပါရဲ့။

(ရှေ့တန်းရောက်စစ်သည်များကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါ၏)

**(ဤဆောင်းပါးသည် (၉ - ၁၀ - ၁၉၈၃) ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ပြန်လည်ဆန်းသစ်ဖော်ပြခြင်း ဖြစ်ပါသည်။)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပေါင်းလောင်း)၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်း၏ ရည်ရွယ်ချက်အနေဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ရာတွင် ဝန်ကြီးဌာန၏ မူဝါဒနှင့် ရည်မှန်းချက်၊ အသုံးချရမည့် နည်းပညာရပ်၊ လုပ်ဆောင်ရမည့် နည်းလမ်း၊ ရေအားလျှပ်စစ် လုပ်ငန်းများနှင့် သက်ဆိုင်သော ဗဟုသုတ၊ စာတွေ့/လက်တွေ့ အတွေ့အကြုံ လုပ်ငန်းသဘောတရားများကို နားလည်စေနိုင်ရန်နှင့် ဌာန၏ဆောင်ရွက်နေသော လုပ်ငန်းတာဝန်နှင့် သိကောင်းစရာများ၊ ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင် စနစ်တကျဖြစ်စေရန်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့် ငွေစာရင်းပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေအားလျှပ်စစ် စီမံကိန်းကြီးများနှင့် ဌာနခွဲများအတွက် အသုံးပြုရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ရှင်းလင်းရွေးယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထိန်းသိမ်းထုတ်ပေးခြင်း၊ စနစ်တကျရေးသွင်းခြင်း၊ မှတ်တမ်းတင်ခြင်းစသည့် သင်ခန်းစာများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို သင်တန်းသား ၂၇ ဦးဖြင့် စာတွေ့လက်တွေ့ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**တောင်ငူ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၁၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ညနေ ၄ နာရီက တောင်ငူ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဌာန၌ စုပေါင်းသွေးလှူဒါန်းမှုများ ပြုလုပ်သည်။

သွေးလှူဒါန်းမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်အစားအစာများနှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

တောင်ငူမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ထမ်းခြောက်ဦးက စုပေါင်းသွေးလှူဒါန်းကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် မြစည်းခုံစေတီတော်မြတ်ကြီးတွင် နိုဝင်ဘာ ၄ ရက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူသစ်များကို လူတွေ့စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်သော လုပ်ငန်းခွင်အကြိုသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) တို့မှ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရသင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၃၃၄ ဦးကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့တွင် အကြီးတန်းစာရေးရာထူးများဖြင့် ခန့်အပ်တာဝန်ပေးခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်မည့် အကြီးတန်းစာရေး ၆၄ ဦး အတွက် လုပ်ငန်းခွင်အကြို သင်တန်းအား နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လုပ်ငန်းခွင်အကြိုသင်တန်းသား သင်တန်းသူများအား နေရာချထားသည့် အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော အမှတ်(၄) မော်တော်ယာဉ်ဂိုဒေါင် ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူသစ်များကို လူတွေ့စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်၌ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် နိုဝင်ဘာ ၆**

ကျောက်ဆည်မြို့နယ် ပတ္တာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၉) ဦးပိုင်အမှတ်(၂၉)တွင် ပတ္တာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးဝင်းမြင့်နောင် စိုက်ပျိုးထားသော ရောပဒေသာမိုးစပါးစိုက်ခင်းများကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဇော်ဦး၊လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးနှင့် မိုးစပါးစိုက်တောင်သူ ဦးဝင်းမြင့်နောင်တို့က ဒေသမျိုးစပါးဖြစ်သော ရောပဒေသာမျိုးစပါးများ စိုက်ပျိုးထားရှိမှုနှင့် သမဝါယမအသင်းအစီအစဉ်ဖြင့် လယ်ယာသွင်းအားစုဓာတ်မြေဩဇာများ ပံ့ပိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ကျောက်ဆည်မြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် ငွေဇင်ယော် အဆင့်မြင့်ဧည့်ရိပ်သာနှင့် ရွှေသိမ်တော်ဘုရားအနီးရှိ ငါးမွေးမြူရေးကန်တို့ကို ဆက်လက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ပံ့ပိုးထုတ်ပေး**

ကျောက်ဆည်မြို့နယ်တွင် အခြေခံသမဝါယမအသင်း ၁၀ သင်းမှ အသင်းသား တောင်သူ ၂၂၀ တို့၏ မိုးစပါးစိုက်ဧက ၁၀၀၀ အတွက် ငွေကျပ် သိန်း ၂၀၀၀ တန်ဖိုးရှိသော လယ်ယာသွင်းအားစုဓာတ်မြေဩဇာများကို တောင်သူတစ်ဦးချင်းလက်ဝယ်အရောက် ပံ့ပိုးထုတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

**လှည်းကူး နိုဝင်ဘာ ၆**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် မီးသတ်ဦးစီးဌာန၌ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းလွင်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝဏ္ဏစိုး ဦးဆောင်၍ သင်တန်းနည်းပြ ဆရာများက ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အားအခြေခံမီးသတ်ပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေး ပညာရပ်များကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက် အထိ ရက်သတ္တလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဂါဇာဒေသ၌ သေဆုံးသော ပါလက်စတိုင်းနိုင်ငံသား ၁၀၀၀၀ ကျော် ရှိသွားပြီဖြစ်



**ဂါဇာ နိုဝင်ဘာ ၆**

အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သော ဟားမတ်စ်-အစ္စရေး ပဋိပက္ခကြောင့် ဂါဇာဒေသ၌ သေဆုံးသော ပါလက်စတိုင်းနိုင်ငံသားအရေအတွက်သည် ၁၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ဂါဇာဒေသရှိ ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ဟားမတ်စ်-အစ္စရေးပဋိပက္ခကြောင့် ကလေးငယ် ၄၁၀၄ ဦးနှင့် အမျိုးသမီး ၂၆၄၁ ဦးအပါအဝင် သေဆုံးသူ အရေအတွက် ၁၀၀၂၂ ဦးရှိသွားပြီဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူအရေအတွက်သည်လည်း ၂၅၄၀၈ ဦးအထိ ရှိလာကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ရှ်ရက်ဖ် အယ်လ်ကူဒရာက ဂါဇာစီးတီး၌ ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ရပ် တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နာရီပိုင်းအတွင်းက အစ္စရေး စစ်ဘက်၏ တိုက်ခိုက်မှုကြောင့် ၂၅၂ ဦးသေဆုံးခဲ့ကြောင်းလည်း အယ်လ်ကူဒရာက ဆက်လက်ပြောကြားသည်။

**လူပေါင်း ၁၄၀၀ ကျော်သေဆုံး**

အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သော ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကြောင့် အစ္စရေးဘက်ခြမ်းတွင်လည်း လူပေါင်း ၁၄၀၀ ကျော်သေဆုံးခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ဟားမတ်စ်နှင့် အစ္စရေးအကြား ပဋိပက္ခသည် ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# နီပေါအစိုးရက ငလျင်ဒဏ်သင့်ဒေသများအတွက် အစားအစာနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဖြူးပေးမည်

**ခတ္တမန္ဒူ နိုဝင်ဘာ ၆**

နီပေါအစိုးရသည် နိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများအတွက် အစားအစာနှင့် ထောက်ပံ့ရေးပစ္စည်းများဖြန့်ဖြူးပေးရေးအတွက် နိုဝင်ဘာ ၅ ရက်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်အတွင်း ဒဏ်ရာရရှိခဲ့သူများကိုလည်း အခမဲ့ဆေးကုသပေးမည်ဖြစ်သည်။

ငလျင်ဒဏ်သင့်နိုင်ငံသားများအတွက် ယာယီတဲများနှင့် အစားအစာများအပြင် လိုအပ်သည့် အကူအညီများကိုလည်း ပေးအပ်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီး မိုဟန်ဗဟာဒူးဗက်စ်နတ်က ပြောကြားသည်။

နီပေါနိုင်ငံ အနောက်ဘက်ခြမ်းရှိ Jajarkot နှင့် Rukum West ခရိုင်တို့တွင် နိုဝင်ဘာ ၃ရက်ညပိုင်းက ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင် လှုပ်ခတ်ခဲ့ပြီး ၁၅၇ ဦး သေဆုံးကာ ၁၇၀ ဒဏ်ရာရရှိခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။ လက်ရှိအချိန်တွင် နီပေါနိုင်ငံကို ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများမှ ကူညီပံ့ပိုးပေးခဲ့ကြောင်း ဗဟာဒူးဗက်စ်နတ်က ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကင်ညာနိုင်ငံ၌ ရေကြီးမှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံး

**နိုင်ရိုဘီ နိုဝင်ဘာ ၆**

ကင်ညာနိုင်ငံ၏ ဒေသအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှု ဖြစ်ပွားခဲ့ပြီး အနည်းဆုံး ၁၅ ဦး သေဆုံးကာ လူနေအိမ်အများအပြားပျက်စီးမှုရှိခဲ့ကြောင်း ကင်ညာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီ၏ နိုဝင်ဘာ ၆ ရက်တွင် ထုတ်ပြန်သည့်သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါရေကြီးမှုကြောင့် ကင်ညာနိုင်ငံတစ်ဝန်းရှိ လူနေအိမ် ၁၅၂၆၄ လုံး ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရပြီး မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၁၀၆၇ ကောင် သေဆုံးခဲ့ကာစိုက်ပျိုးမြေဧကများစွာ ပျက်စီးမှုများရှိခဲ့ကြောင်း ကင်ညာနိုင်ငံ ကြက်ခြေနီအဖွဲ့အစည်းက ပြောကြားသည်။

ကင်ညာနိုင်ငံ မိုးလေဝသဌာနက နိုဝင်ဘာ ၆ ရက်အထိ ပျမ်းမျှမိုးရွာသွန်းမှုနှုန်းထက်ကျော်လွန်မည်ဟု နိုဝင်ဘာ ၃ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသော်လည်း မိုးဆက်လက်ရွာသွန်းမှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

မိုးလေဝသပညာရှင်များ၏ ပြောကြားချက်အရ မိုးဆက်လက်ရွာသွန်းမှုသည် အယ်လ်နီညိုရာသီဥတုအခြေအနေနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်သည့် ပင်လယ်ရေမျက်နှာပြင် အပူချိန်တို့ကြောင့် ဖြစ်ကြောင်းနှင့် အယ်လ်နီညိုသည် နှစ်နှစ်မှ ခုနစ်နှစ်တစ်ကြိမ် ဖြစ်ပေါ်လေ့ရှိသည့် ရာသီဥတုပုံစံဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# အီရတ်နှင့် ဆီးရီးယားရှိ အမေရိကန်စစ်စခန်းများကို တိုက်ခိုက်ခဲ့ဟု အီရတ် ရှီးယိုက်စစ်သွေးကြွအဖွဲ့ ပြောကြား

**ဘဂ္ဂဒက် နိုဝင်ဘာ ၆**

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို ဒရုန်းဖြင့် တိုက်ခိုက်မှုနှင့် အီရတ်နိုင်ငံအနောက်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များနေထိုင်ရာ စစ်အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း အီရတ်ရှီးယိုက်စစ်သွေးကြွအဖွဲ့က နိုဝင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ အီရန်ကျောထောက်နောက်ခံပြုထားသော ၎င်းစစ်သွေးကြွအဖွဲ့က ၎င်း၏တိုက်ခိုက်ရေးသမားများသည် ဆီးရီးယားနိုင်ငံ Tell Beydar ဒေသရှိ အမေရိကန်စစ်အခြေစိုက် စခန်းတစ်ခုကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆီးရီးယားနိုင်ငံ တယ်ဖေဒါဒေသမှာရှိသည့် အမေရိကန် အခြေစိုက်စခန်းတွင် ပေါက်ကွဲမှုများ ဖြစ်ပွားကြောင်း အတည်ပြုခဲ့သည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၉၀ ခန့်အကွာ အယ်ဗက်ဒါဒီမြို့အနီးရှိ အန်အယ် အဆတ်လေတပ်စခန်းအား အောက်တိုဘာ ၅ ရက်တွင် ၎င်း၏ တိုက်ခိုက်ရေးသမားများက လက်နက်ကြီးဖြင့် လေးချက်ပစ်ခတ်ခဲ့ကြောင်း ၎င်းစစ်သွေးကြွအဖွဲ့က ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်သည် ဘဂ္ဂဒက်မြို့သို့ အလည်အပတ် သွားရောက်ခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသည့် အစ္စရေး-ဟားမတ်စ် ပဋိပက္ခနှင့်ပတ်သက်၍ အီရတ်ဝန်ကြီးချုပ် Mohammed Shia' al-Sudani နှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ နောက်ဆုံးတိုက်ခိုက်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယား၏ ပြည်ပတိုက်ရိုက်ဝယ်ယူမှုဈေးကွက်တွင် တရုတ်နိုင်ငံ ထိပ်ဆုံးမှ ရပ်တည်

**ဆိုးလ် နိုဝင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံသားများသည် တရုတ် e-commerce ကုမ္ပဏီများမှတစ်ဆင့် ကုန်ပစ္စည်းများ ပိုမိုဝယ်ယူလာသောကြောင့် ယခုနှစ် ပထမကိုးလအတွင်း တောင်ကိုရီးယား၏ ပြည်ပတိုက်ရိုက်ဝယ်ယူမှုဈေးကွက်တွင် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း ယွန်ဟက်သတင်းဌာနက နိုဝင်ဘာ ၆ရက်တွင် ပြောကြားသည်။

ယခုနှစ် ပထမ ကိုးလပတ်အတွက် တောင်ကိုရီးယားနိုင်ငံသားများ ပြည်ပမှ တိုက်ရိုက် ဝယ်ယူမှုတန်ဖိုးသည် ဝမ် ၄ ဒသမ ၇၉ ထရီလီယံရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်။ တရုတ်နိုင်ငံ၏ e-commerce ကုမ္ပဏီများမှတစ်ဆင့် ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများမှ တိုက်ရိုက်ဝယ်ယူမှုသည် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဝမ် ၂ ဒသမ ၂၂ ထရီလီယံအထိ မြင့်တက်ခဲ့သည်။ AliExpress ကဲ့သို့သော တရုတ် e-commerce ကုမ္ပဏီများ အရှိန်အဟုန်ဖြင့် ကြီးထွားလာခဲ့ပြီးနောက် ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ တိုက်ရိုက် ပြည်ပဝယ်လိုအားဈေးကွက်ကို တရုတ်နိုင်ငံက ဦးဆောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက်

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၇-၁၁-၂၀၂၃ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm)၊ Facebook Page (Ministry of Health, Myanmar)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ၁၆-၁၁-၂၀၂၃ ရက်မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၆-၁၁-၂၀၂၃

## "လှုပသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၆**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှုပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ဖိတ်ခေါ်ကျင်းပခဲ့ပါသည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ထင်ရှားသည့်အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပညာရှင် ၁၇၅ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၆၈၈ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ဦးဝင်းတိုး(မွန်ဘွန်း-မန်းနေ့စဉ် MCDC)၊ ဒုတိယဆု ဦးသန်းနိုင်ဦး(ငဖဲ)၊ တတိယဆု ဦးဇော်မြင့်နိုင်တို့က ရရှိခဲ့ကြပါသည်။

အထူးဆုများအဖြစ်ဦးမိုးဟိန်းထွန်း၊ ဦးထွန်းထွန်းဝင်း၊ ဦးအောင်မင်း၊ ဦးကျော်မျိုးသီဟ၊ ဦးမောင်မောင်လွင်ထိုက်တို့က အသီးသီးဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်း ကျောင်းများ၌ သင်တန်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (လပွတ္တာ၊ ပုဏ္ဏားကျွန်း)တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အောင်ပန်း၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနားများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ပုဏ္ဏားကျွန်းမြို့ သင်တန်းကျောင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်တို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ လပွတ္တာ၊ ပုဏ္ဏားကျွန်းနှင့် အောင်ပန်း သင်တန်းကျောင်း သုံးကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများတွင် သင်တန်းသား စုစုပေါင်း ၇၀ ဖြင့် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများတွင် အိပ်ခန်းဆောင်သင်တန်းသား ၁၅ ဦး၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းသား ၁၅ ဦး ပေါင်း ၃၀ တို့ဖြင့် သင်တန်းကျောင်းတွင် စာတွေ့ သုံးလနှင့် ဟိုတယ်များတွင် လုပ်ငန်းခွင်သင်တန်း (On Job Training-OJT) ကာလ သုံးလကြာ သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ပုဏ္ဏားကျွန်း) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၄၁၂ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးတွင် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျောင်းကုန်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မြို့မဈေးကြီးတွင် ယနေ့မွန်းလွဲ ၂ နာရီက မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်**

ဦးစွာ Foam ဆေးရည်ဖြင့်မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်ခြင်းနှင့် ရေကိုအသုံးပြု၍ မီးငြိမ်းသတ်ခြင်းတို့ကို မြို့နယ်မီးသတ်၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ မြို့မဈေးကြီးကြပ်ရေးအဖွဲ့များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မောင်တောမြို့၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေး

**မောင်တော နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ရုံးနှင့် သတ်မှတ်စုရပ်နေရာတို့တွင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများမှ ရပ်ကွက်/ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့်ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို အလှည့်ကျစနစ်ဖြင့် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဆေးထိုးနှံပေးခြင်းများကို မောင်တောမြို့နယ်အတွင်းရှိ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်/ကျေးရွာများရှိ စုရပ်အသီးသီးတွင် ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အပတ်စဉ်တနင်္လာနေ့တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ရုံးတွင် ပုံမှန်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **သက်လွင်စိုး၊ အောင်ကျော်စိန် ခရိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ ) အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းသား ၅၀ အတွက် တူညီဝတ်စုံများနှင့် သင်တန်းတွင်အသုံးပြုရန် ဆေးသေတ္တာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား ပေးအပ်သည်။

ဆက်လက်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့ဝင်များအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဝတ်စုံများကို တာဝန်ရှိသူများက ထပ်မံပေးအပ်ကာ သင်တန်းတွင် အခြေခံလက်နက်မဲ့စစ်ရေးပြ၊ မီးသတ်ပညာ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် မီးသတ်တပ်ဖွဲ့၏ ဥပဒေ၊ နည်းဥပဒေ ဘာသာရပ်များကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)ဖြင့် ဟင်္သာတမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ချောင်းဝရွာရှိ Cyclone Shutter ၌အခြေပြု၍ အဆိုပါရွာနှင့် ပတ်ဝန်းကျင်ရွာများမှ ဒေသခံပြည်သူ ၁၁၂၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၉၂ ဦး၊ ခွဲစိတ်ရောဂါ ၉၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၉ ဦး၊ ကလေးရောဂါ ၅၆ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၁ ဦး၊ မျက်စိရောဂါ ၂၂၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူတစ်ဦးကိုနီးစပ်ရာတပ်မတော်ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေမြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဟင်္သာတမြို့ရှိ လယ်တော်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၈၀ အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၀၊ မျက်စိရောဂါ ၄၉ ဦးနှင့် သွားရောဂါ ၃၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကာ လာရောက် ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နယ်လှည့်အထူးကု ဆေးအဖွဲ့အား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ ကျန်းမာရေး ဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-



အရှင်သုစိတ္တ
ဟင်္သာတမြို့

**အရှင်သုစိတ္တ**
**ဟင်္သာတမြို့**

ဒီမှာလာပြီးတော့ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ လာရောက်ပြီး ဆေးကုသပေးတယ်ဆိုတော့ ဦးပဉ္စင်းလာရောက်ပြသတာပါ။ ဒူးတွေ၊ ခြေထောက်တွေ ယောင်တာပါ။ ပြရင်းကနေ နှလုံး EGC ဆွဲပါတယ်။ ဆရာဝန်တွေနဲ့ပြသတဲ့အခါမှာ ဆေးသောက်ဖို့ ဆေးတွေပေးပါတယ်။ အခမဲ့ကုသပေးတဲ့ အခါမှာကြတော့ ဆင်းရဲတဲ့သူ ချမ်းသာတဲ့သူ အကုန်လုံး လူတန်းစားမရွေး သက်ကြီးရွယ်အို ကလေးလူကြီး အကုန်လုံး လာရောက်ပြသနိုင်ပါတယ်။ တချို့ဆိုလည်း အခက်အခဲတွေ ရှိကြပါတယ်။ မျက်စိဆိုရင်လည်း မနေ့ကအဖွဲ့က ဒီနေ့အထိ မပြီးကြသေးဘူးလို့ ပြောပါတယ်။ မျက်စိဆိုတာလည်း သူတို့အနေနဲ့ အရင်ကတည်းက ပြချင်ပေမယ့် မပြနိုင်တာတွေရှိမှာပါ။ ရောဂါသူ့နေရာနှင့်သူ အစုံပြသလို့ရတဲ့အတွက် မရှိတဲ့အမျိုးပြည်သူတွေအတွက် အင်မတန်မှ ကောင်းပါတယ်။ ကုန်ကျစရိတ်ခံပြီး ပြည်သူတွေအတွက်နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်ချိုချိုမိုး**
**ပြည်ခရိုင် ကျေးရွာ**

တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ချောင်းဝကျေးရွာကိုလာရောက်ပြီးတော့ ဆေးကုသပေးတဲ့ သတင်းကြားလို့ ပြည်ခရိုင်ကျေးရွာကနေလာပြီးတော့ မျက်စိပြသတာပါ။ မျက်စိမကောင်းဘဲ ဝါးတားတားနဲ့နေခဲ့ရတာ ငယ်ငယ်ကတည်းက နှစ် ၂၀ ကျော်ပြီ။ ဆေးကုသရအောင်လည်း ငွေရေးကြေးရေးက မတတ်နိုင်ဘူး။ အဲဒါကြောင့် အခုဆိုရင် တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ပြီးတော့ အခမဲ့ကုသပေးတဲ့အတွက် ရင်ထဲမှာ အလွန်ပဲဝမ်းသာ ကျေနပ်ရပါတယ်။ ပီတိဖြစ်ရပါတယ်။ ဆရာဝန်ကြီးတွေ စေတနာ မေတ္တာထားပြီး ကုသပေးတဲ့



ဒေါ်ချိုချိုမိုး
ပြည်ခရိုင် ကျေးရွာ

အတွက် ဆရာဝန်ကြီးတွေအားလုံး၊ ပါရဂူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ နောက်ကိုလည်း ခဏခဏလာပြီး အခမဲ့ဆေးကုသပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၁၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၄၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၂၈ |
| 95 Ron | ၂၀၅၃ | ၂၁၂၇ |
| HSD (500 ppm) | ၂၀၈၈ | ၂၁၆၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၇၄ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၃၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၅-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄)ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃) ကို ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ အား အချိန်နှင့်တစ်ပြေးညီ ရိတ်သိမ်းနိုင်ရေး ဆောင် ရွက်နိုင်ခဲ့သဖြင့် ထိခိုက်ပျက်စီးမှု လျှော့ချပေးနိုင်ခဲ့ ကြောင်း၊ အဓိကအားဖြင့် အယ်လ်နီညိုရာသီဥတု ကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးများအပေါ် အခြေခံပြီး ရာသီဥတု၊ ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရန်လိုအပ် သလို အသိပညာပေးခြင်းများလည်း အရှိန်အဟုန် မပြတ် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီ စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ စနစ်တကျ သုံးစွဲရန်လိုအပ်ပြီး တစ်ဧက သတ်မှတ် ကောက်ကွက်/အပင်ရေ ပြည့်မီရန် လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် မိရိုးဖလာစိုက်ပျိုးနည်း စနစ်ကို ပြောင်းလဲပေးခြင်းအပြင် တောင်သူလက်ဝယ် ရှိ ပန်းတိုင်ရည်မှန်းချက်မပြည့်မီသော မျိုးများအား အထွက်နှုန်းကောင်းပြီး သက်တမ်းတိုသည့် မျိုးကောင်း မျိုးသန့်များ ပြောင်းလဲပေးရန် လိုအပ်ကြောင်း၊ တန်ဖိုးနည်းကောက်စိုက်စက်များ ကျယ်ကျယ် ပြန့်ပြန့် သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသလို စိုက်ပျိုးရေရရှိရေးအတွက် လိုအပ်သည်များ ဆက်လက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီး နစ်မြုပ်လေ့ရှိသည့်ဒေသများတွင် ရေမြုပ်ခံစပါးမျိုး များ စိုက်ပျိုးနိုင်ရေးနှင့် မိုးရေချိန်နည်းပါးသည့် ဒေသ များတွင် ရေအနည်းလိုစပါးမျိုးများ စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များ စုဆောင်းထားရန်လိုအပ် ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းအပြင် သွင်းအားစုအတွက် ပိုက်ဆံ လျှော်နှင့် ပဲမျိုးရင်းများ စိုက်ပျိုးသွားရန် လိုအပ် ကြောင်း၊ တိုင်းဒေသကြီးအတွင်း သီးထပ်စွမ်းအား ၁၈၈ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ရေး မျှော်မှန်း ဆောင်ရွက်လျက်ရှိသလို အောင်မြင်အောင် မဖြစ်မနေ အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် တောင်သူ များ စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းကောင်းများရရှိ ရေးအတွက် မိမိတို့တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့များက ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အတွင်း မြေပြန့်ကော်ဖီ(ရိုဘက်စတာ)မျိုး သီးညှပ် တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လိုအပ်ချက် များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အလိုက် အဓိက သီးနှံ ၁၀ မျိုး စိုက်ပျိုးထားရှိမှုနှင့် ပန်းတိုင်ရည်မှန်း ချက်ပြည့်မီစေရေး ဆောင်ရွက်မည့် အခြေအနေများ ကို Power Point ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များ ကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်း၏ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီ စေရေး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လူငယ်ရေးရာ

# သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး

သထုံ နိုဝင်ဘာ ၆



မွန်ပြည်နယ် သထုံမြို့နယ် တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပညာ ရေးဌာနတို့ပူးပေါင်း၍ အခြေခံ ပညာကျောင်းများ၌ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန် မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက သထုံမြို့ အောက်ကျင်း ရပ်ကွက်ရှိ ကန်ညီနောင် အခြေခံပညာမူလ တန်းလွန်ကျောင်း၌ နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိ ပညာပေးလုပ်ငန်းများကို ဆောင် ရွက်ခဲ့သည်။

နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ကန်ညီနောင် မူလတန်းလွန် ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုး သိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း များက ကျောင်းသား ကျောင်းသူ များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေ များကိုပါ လေ့လာဖတ်ရှုကြရေး တို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက် ရွေးချယ်ဖတ်ရှုကာ စာဖတ် စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်း တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက အသိ ပညာပေး နံရံကပ်စာစောင်များ ကို ခင်းကျင်းပြသရာ ကျောင်း သား ကျောင်းသူများက ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

မိုးနဲ နိုဝင်ဘာ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ယနေ့နံနက် ၉ နာရီခွဲက လူငယ်စကားဝိုင်းကို အမှတ်(၁) အခြေခံပညာ အလယ် တန်းကျောင်းခန်းမ နေရာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဦးမျိုးညွန့်ရွှေက ဗလ ငါးတန်ဖွံ့ဖြိုးစေရေး၊ စကားပြော အတတ်ပညာ ကျွမ်းကျင် တတ်မြောက်ပြီး လိမ္မာပါးနပ်စွာ ပြောဆို ဆက်ဆံတတ်စေရေး၊ တစ်ဦးနှင့်တစ်ဦး အသိပညာ အတွေ့အကြုံ ဖလှယ်ဆွေးနွေး ခြင်းဖြင့် အတွေ့အကြုံသစ်များ ရရှိစေရေး၊ လူငယ်အချင်းချင်း ရင်းနှီးချစ်ခင်မှုများ တိုးပွားလာ စေရေး စသည့်ရည်ရွယ်ချက် များဖြင့် လူငယ်စကားဝိုင်းကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကား ဝိုင်းကိုကျင်းပရာ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ် နှင့်စာပေ၊ လူငယ်နှင့်စည်းကမ်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသောကျောင်း သား ကျောင်းသူများက သိလို သည်များ အပြန်အလှန် မေးမြန်း ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းသို့ ကျောင်း သားကျောင်းသူ ၁၅၀ တက်ရောက် ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ချိတ်ဆွဲပြသထားသော မူးယစ် ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ကို ကျောင်း သား ကျောင်းသူများက လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**




# တီးတိန်မြို့၌ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ



တီးတိန် နိုဝင်ဘာ ၆

ချင်းပြည်နယ် တီးတိန်မြို့၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တီးတိန်၌ လူငယ်အသိပညာပေး ဟောပြော ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးခိုင်ခန့်တွန့်က လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် လည်း ကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဦးဆွေဝင်းလာလ်ထန် က လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်ဖြင့် လည်း ကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် စာစောင်များ ခင်းကျင်းပြသရာ အခမ်းအနား တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက စာအုပ်/ စာစောင်များကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာ ကြကြောင်း သိရသည်။

**မိုးမိုး**

# တောင်ငူခရိုင်တွင် မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ

**တောင်ငူ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ၂၀၂၃ ခုနှစ်၌ မိုးစပါးစိုက်ဧက ၁၅၀၈၂၆ ဧကရှိရာ စက်တင်ဘာလ ကုန်ပိုင်းမှစတင်၍ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိရာ ၁၅၄၂ ဧကကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၇၀ ခန့်ထွက်ရှိပြီး စပါးဈေးနှုန်းအနေဖြင့် နံ့ကောက်စပါးတင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀၀၀ နှင့် ဆင်းသုခစပါးတင်း ၁၀၀ လျှင် ကျပ် ၁၅၂၀၀၀၀ ရှိကြောင်း သိရသည်။



ဖြူးမြို့နယ်မှ ထွက်ရှိသော နံ့ကောက်နှင့် ဆင်းသုခစပါးများကို အဆင့်မြင့် စပါးကြိတ်ခွဲစက်များဖြင့် ကြိတ်ခွဲ၍ ထွက်ရှိလာသော ဆန်များကို ဖြူးမြို့နယ်အတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ မြို့နယ်အသီးသီးသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကြိတ်ခွဲ ရောင်းချလျက်ရှိသော ဆန်ဈေးနှုန်းများမှာ နံ့ကောက်ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ နှင့် ဆင်းသုခဆန် ၂၄ ပါ တစ်အိတ်လျှင် ကျပ် ၆၁၀၀၀၊ ဆန်ကွဲ ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ဖွဲနု ၇၂ ပေါင်ပါ တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

# နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းအခြေအနေ



**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၌ ၂၀၂၃ ခုနှစ်တွင် မိုးဦး၊ မိုးလယ်မြေပဲ စုစုပေါင်းစိုက်ဧကမှာ ၄၀၄၆၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ မိုးဦးမြေပဲ စိုက်ပျိုးဧက ၁၉၃၈၈ ဧက၊ မိုးလယ်မြေပဲ စိုက်ပျိုးဧက ၂၁၀၇၄ ဧက စိုက်ပျိုးခဲ့ပြီး အောက်တိုဘာလကုန်တွင် မိုးဦးမြေပဲများအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်း ၄၂ ဒသမ ၇၅ တင်းနှုန်းဖြင့် တင်းပေါင်း ၈၂၈၃၇တင်း ထွက်ရှိခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

# အထက်မင်းလှမြို့နယ်၌ ဥစိုက်ကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိ

**မကွေး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဝါ၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့် အခြားစားဖိုဆောင်သီးနှံများကို ရာသီအလိုက်စိုက်ပျိုးကြပြီး ကုန်းကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင်(စံပြ)ကျေးရွာ၌ ဇော်မွှား (ခေါ်) ဥစိုက်ကြက်သွန်နီများ ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးရာသီကာလတွင် ဥစိုက်ကြက်သွန်နီကိုသာ စိုက်ပျိုးကြပြီး ဆောင်းရာသီတွင်စိုက်ပျိုးမည့် ကြက်သွန်နီများမှာ ပျိုးထောင်ဆဲဖြစ်ကြောင်း၊ ဥစိုက်ကြက်သွန်နီများကို စလင်း၊ ပွင့်ဖြူ၊ တောင်သာ၊ မြင်းခြံစသော ဒေသတို့မှ တစ်ပိဿာလျှင် ကျပ် ၃၈၀၀ မှ ၄၀၀၀ ဖြင့် ဝယ်ယူပြီး တစ်ဧကလျှင် ပိဿာ ၄၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် တူးဖော်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် ရေကောင်း၊ မြေကောင်းသည့်နှစ်များတွင် တစ်ဧကလျှင် ပိဿာချိန် ၆၀၀၀ နီးပါးထွက်ရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် အလုပ်သမားခအပါအဝင် စုစုပေါင်း ကျပ်သိန်း ၄၀ ကျော် ကုန်ကျပြီး ကြက်သွန်နီ စိုက်ခင်းများ လှိုင်လှိုင်တူးဖော်ကြသည့် အချိန်တွင် လုပ်အားခမှာ ပိုမိုကုန်ကျကြောင်း၊ ကြက်သွန်နီ ဥအရွယ်အစားအလိုက် ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးရရှိကြောင်း၊ တူးဖော်ရရှိသည့် ကြက်သွန်နီများကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက်တင်ပို့ရောင်းချရကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု ဆောင်ရွက်နိုင်မှုအခြေအနေ

**တာချီလိတ် နိုဝင်ဘာ ၆**

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး တန် ၈၀၊ တန်ဖိုး သုည ဒသမ ၀၄၄ ဒေါ်လာသန်း၊ ကြက်သွန်နီ တန် ၆၀၊ တန်ဖိုး သုည ဒသမ ၀၄၇ ဒေါ်လာသန်း၊ ကြက်သွန်ဖြူ တန် ၃၀၊ တန်ဖိုး သုည ဒသမ ၀၆၅ ဒေါ်လာသန်း၊ လက်ဖက်ခြောက် ၃၃ ဒသမ ၆ တန်၊ တန်ဖိုး သုည ဒသမ ၀၂၀ ဒေါ်လာသန်း၊ ဆေးရွက်ကြီး ၄၅ တန်၊ တန်ဖိုး သုည ဒသမ ၀၅၆ ဒေါ်လာသန်းနှင့် ပလတ်စတစ်ဖြတ်စ တန် ၅၀၊ တန်ဖိုး သုည ဒသမ ၀၂၃ ဒေါ်လာသန်း အပါအဝင် ပို့ကုန်တန်ဖိုး သုည ဒသမ ၂၇၄ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန် တင်သွင်းမှုအနေဖြင့် စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိက တင်သွင်းလျက်ရှိရာ ယခုပတ်တွင် ဓာတ်ဆီ သုည ဒသမ ၂၀၈ ဒေါ်လာသန်း၊ ဒီဇယ် သုည ဒသမ ၉၈ ဒေါ်လာသန်း၊ ဘိလပ်မြေ သုည ဒသမ ၁၉၄ ဒေါ်လာသန်း၊ တွင်းထွက်(သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများ သုည ဒသမ ၁၂၃ ဒေါ်လာသန်း၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ သုည ဒသမ ၀၀၃ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများသုည ဒသမ ၀၄၇ ဒေါ်လာသန်း၊ သုတ်ဆေး/ ပေါလစ်များ သုည ဒသမ ၀၀၆ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ သုည ဒသမ ၀၁၃ ဒေါ်လာသန်း၊ သတ္တုကုန်ကြမ်းပစ္စည်းများ သုည ဒသမ ၀၀၃ ဒေါ်လာသန်း၊ မီးဖိုချောင်သုံးပစ္စည်းများ သုည ဒသမ ၀၀၂ ဒေါ်လာ သန်း အပါအဝင် သွင်းကုန်တန်ဖိုး သုည ဒသမ ၇၃၆ ဒေါ်လာသန်း တင်သွင်းခဲ့သည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**



## ၆.၁၁.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သခွား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၅၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၄၉၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၄၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၀၀၀ | ၁၇၀၀၀ | ၅၄၅၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၈၇၀၀ | ၈၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၆၀၀ | ၄၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၄၅၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၃၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၆၅၀ | ၇၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | | ၆၅၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | | ၁၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ ကျပ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ ဘားအံ၊ မြိတ်၊ ရန်ကုန်၊ ပုသိမ်၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ ကျပ်၊ ထားဝယ်တွင် ၃၀၀ ကျပ်၊ စစ်တွေတွင် ၁၁၀၀ ကျပ်၊ မန္တလေးတွင် ၁၀၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀၀ကျပ်၊ ဘားအံတွင် ၁၀၀၀ကျပ်၊ ထားဝယ်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ်၊ ပုသိမ်နှင့် မုံရွာတွင် ၁၅၀၀ကျပ်၊ စစ်တွေတွင် ၅၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ပဲခူးတွင် ၃၀၀၀ကျပ်၊ ဘားအံ၊ ထားဝယ်၊ ရန်ကုန်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ်၊ မြိတ်တွင် ၅၅၀၀ကျပ်၊ ပုသိမ်တွင် ၃၅၀၀ကျပ်၊ စစ်တွေတွင် ၆၀၀၀ကျပ်၊ မုံရွာတွင် ၁၅၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၁၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ တောင်ကြီးနှင့် မုံရွာတွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၃၅၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ ကျပ် ၊ စစ်တွေတွင် ၃၀၀ ကျပ် ၊ မန်ကျည်းသီး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ ကျပ် ၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ ကျပ် ၊ ဘားအံတွင် ၇၀၀ကျပ်၊ ထားဝယ်တွင် ၅၀၀ကျပ်၊ ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတွင် ၂၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀ကျပ်၊ စစ်တွေတွင် ၈၀၀ကျပ်၊ ဟားခါးတွင် ၁၀၀၀ကျပ်၊ မုံရွာတွင် ၄၀၀ကျပ်၊ သခွား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ ပုသိမ်တွင် ၃၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ အမဲသားနှင့် ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) ညို့မထဆန် တစ်ပြည်လျှင် လွိုင်ကော်တွင် ၁၀၀ကျပ်၊ စစ်တွေတွင် ၂၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ၂၅၀ကျပ်၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ထားဝယ်တွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ မုံရွာတွင် ၂၀၀ကျပ်၊ ကလေးတွင် ၉၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မုံရွာတွင် ၄၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ၃၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း သိကောင်းစရာများ

အားမာန် (အလရ)

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို မဖြစ်မနေ သိရှိရမည်ဖြစ်သလို အလုပ်သမားများကို စီမံခန့်ခွဲသူများနှင့် ကာယ၊ ဉာဏ လုပ်သားကြီးများကလည်း မိမိတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကို သမားရိုးကျသဘောမထားဘဲ အလေးထားပြီး အလုပ်သမားရေးရာဥပဒေများရှိ ရပိုင်ခွင့်နှင့် တာဝန်များဆိုင်ရာကိစ္စကို မည်သို့သတ်မှတ်ထားကြောင်း လေ့လာသိရှိရန် လိုအပ်ပါသည်။ စာရေးသူအနေဖြင့် အရိုးသားဆုံးပြောရလျှင် နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရာတွင်လည်း မိမိတို့ဦးစီးဌာန စည်းကြပ်ဥပဒေများပါ အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့်တာဝန်များကိုသာ သိရှိသော်လည်း မူလအစ အလုပ်သမားများ၏ ရပိုင်ခွင့်က ဘာကိုဆိုလိုသလဲ၊ တာဝန်များကဘာလဲ၊ လုပ်သားကြီးများ၏ အခန်းကဏ္ဍက ဘယ်လောက်အထိ အရေးပါခဲ့သလဲ စသည်ဖြင့် ယေဘုယျသဘော သိရုံသာရှိခဲ့ပါသည်။ ထို့အတွက်ကြောင့် စာရေးသူလေ့လာမိခဲ့သမျှတို့မှ ကောက်နုတ်၍ စာဖတ်သူများသိရှိနိုင်ရန်အတွက် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ အလုပ်သမားလူတန်းစားသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့အတွက် လုပ်သားပြည်သူတို့၏ လှုပ်ရှားကြိုးပမ်းမှုသမိုင်းစဉ် တစ်လျှောက်လုံးတွင် တက်ကြွစွာပါဝင်ခဲ့ကြသည်ကို လေ့လာသိရှိခဲ့ရပါသည်။ ယင်းကာလအတွင်း အလုပ်သမားလူတန်းစား၏ ညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး နယ်ချဲ့အရင်းရှင်စနစ်ဆန့်ကျင်တိုက်ပွဲများတွင် ကိုယ်ကျိုးစွန့်လွှတ်သောသူရသတ္တိများကို ပြသခဲ့ကြရာတွင် အောင်မြင်မှုများရှိခဲ့၍ ဆုံးရှုံးမှုများလည်းရှိခဲ့သည်။

**လယ်ယာအလုပ်သမားများအတွက်**

အလုပ်သမားဟုဆိုရာတွင် မိမိ၏ ကာယအား၊ ဉာဏအားကို မှီခိုလျက်ရှိ၍ ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူ လုပ်သားပြည်သူအားလုံးပင်ဖြစ်ပေသည်။ ငွေရင်းအင်အားကိုမှီခို၍လုပ်ကိုင်ပြီး နေထိုင်စားသောက်သူများနှင့် ကွဲပြားခြားနားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ဤသို့သောသူများသည် ကျေးလက်တောရွာများတွင် လယ်ယာအလုပ်သမားများဖြစ်၍ မြို့များတွင် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနအလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအလုပ်သမားများ၊ အစိုးရရုံးနှင့် လုပ်ငန်းဌာနအသီးသီးမှ ရုံးလုပ်သားများ၊ ဉာဏအလုပ်သမားများ စသည်တို့သည် အဓိကဖြစ်ပါသည်။ ကျေးလက်တောရွာများတွင်ရှိသော လယ်ယာအလုပ်သမားများအတွက် နိုင်ငံတော်အစိုးရ၏ သီးသန့်လုပ်ငန်းတာဝန်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန အလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအလုပ်သမားများ၊ လုပ်ငန်းဌာနအသီးသီးမှ ရုံးလုပ်သားများ၊ ဉာဏအလုပ်သမား စသည်တို့၏ ရပိုင်ခွင့်နှင့် တာဝန်များကို ပြောခြင်းဖြစ်ပါသည်။ အလုပ်သမားများအတွက် ရပိုင်ခွင့်နှင့် တာဝန်များကို ကွဲကွဲပြားပြား မသိရှိခြင်းကြောင့်လည်း အလုပ်သမားရေးရာပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

ဤနေရာတွင် အလုပ်သမားရေးရာပြဿနာများ မည်သည့်အချိန်က စတင်ပေါ်ပေါက်လာသည်ကို အနည်းငယ်တင်ပြချင်ပါသည်။ အလုပ်သမားရေးရာပြဿနာများသည် ကမ္ဘာပေါ်တွင် အလုပ်သမားရေးရာဥပဒေများ မပေါ်ပေါက်မီကပင် ရှိခဲ့ပေသည်။ ငွေကြေးဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ လုပ်ခယူလျက် အလုပ်လုပ်သော အလုပ်သမားဟူ၍ ကမ္ဘာပေါ်တွင် ပေါ်ထွန်းလာကတည်းကပင် အလုပ်သမားရေးရာပြဿနာများရှိခဲ့သည်။ မြေရှင်၊ အရင်းရှင်များ ကြီးစိုးလွှမ်းမိုးသောခေတ်တွင် အလုပ်သမားရေးရာပြဿနာ အကြောင်းရင်းခံသော အမှုများ တရားရုံးသို့ ရောက်လာပါက တရားရုံးသည် အလုပ်သမားကို ဖိနှိပ်သော ဆုံးဖြတ်ချက်များကိုသာ ချမှတ်လေ့ရှိခဲ့သဖြင့် အလုပ်သမား၏ အကျိုးစီးပွားသည် အကာအကွယ်မဲ့ဖြစ်ခဲ့ရသည်။ ၁၈ ရာစုခေတ်တွင် စက်မှုတော်လှန်ရေး (Industrial Revolution) ပေါ်ပေါက်သောအခါ အလုပ်သမားရေးရာပြဿနာများသည် ပိုမိုကျယ်ပြန့်လာပြီး တစ်ဖက်တွင် စက်ကိရိယာများကို တီထွင်အသုံးပြု၍ အလုပ်သမားအများဆုံးစေခိုင်းကာ ကုန်ပစ္စည်းအမြောက်အမြား ထုတ်လုပ်ရောင်းဝယ် ဖောက်ကားခြင်းဖြင့် စီးပွားရေးပြဿနာများ ကျယ်ပြန့်လာသလို အခြားတစ်ဖက်တွင် ကလေးနှင့်မတန်သော အလုပ်လုပ်ရခြင်း၊ အမျိုးသမီးနှင့်မတန်သော အလုပ်လုပ်ရခြင်း၊ အလုပ်ချိန်များခြင်း၊ ကျန်းမာရေးအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်များ ပေါ်ပေါက်လာခြင်းစသည့် လူမှုရေး ပြဿနာများလည်း ကျယ်ပြန့်လာပါသည်။ ဤစီးပွားရေးနှင့် လူမှုရေးပြဿနာများသည် အလုပ်သမားရေးရာပြဿနာများပင်ဖြစ်ပေသည်။

**တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာခဲ့**

စက်မှုတော်လှန်ရေးနှင့်အတူ အရင်းရှင်စနစ်လည်း အခိုင်အမာထွန်းကားလာပြီး အရင်းရှင်လူတန်းစားဟူ၍လည်းကောင်း၊ အလုပ်သမားလူတန်းစားဟူ၍လည်းကောင်း ကွဲကွဲပြားပြား ပေါ်ပေါက်လာခဲ့သကဲ့သို့ အလုပ်သမားရပိုင်ခွင့်များအတွက် တိုက်ပွဲဝင်သော အလုပ်သမားအစည်းအရုံးများလည်း ပေါ်ပေါက်လာပါသည်။ ထို့ကြောင့် အလုပ်သမားရေးရာပြဿနာများသည် အုပ်ချုပ်သူလူတန်းစားက လုံးဝလျစ်လျူရှုထား၍ မရသော ပြဿနာများဖြစ်လာပြီး အလုပ်သမားရေးရာဥပဒေများသည် စတင်ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု သိရှိရသည်။ ကမ္ဘာပေါ်တွင် ရှေးဦးပေါ်ထွက်လာသော အလုပ်သမားရေးရာဥပဒေမှာ ၁၈ ရာစုခေတ်ဦးပိုင်းတွင် အင်္ဂလန်နိုင်ငံ၌ ပြဋ္ဌာန်းသော အလုပ်ရုံ၊ အလုပ်သမားများဆိုင်ရာဥပဒေဖြစ်ပြီး နောင်တွင် အခြားသော အလုပ်သမားရေးရာဥပဒေများ တဖြည်းဖြည်း ပေါ်ထွက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ်တွင် သမိုင်း၏ တောင်းဆိုချက်အရ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာခဲ့ပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးကို အခြေခံသော ဝါဒသဘောထား ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်ပါ အသွင်ကူးပြောင်းရေးကာလနှင့်လျော်ညီသော လူထုလူတန်းစားစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရေး သဘောထားနှင့်အညီ အလုပ်သမားရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် သဘောထားတစ်ရပ်ကို တော်လှန်ရေးကောင်စီအစိုးရက ၁၉၆၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ယင်းသဘောထားကို အကောင်အထည်ဖော်ရေးအတွက် ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ ပေါက်ဖွားလာခဲ့ပေသည်။

**အလုပ်သမားရပိုင်ခွင့်နှင့်တာဝန်များ**

ယင်းဥပဒေသည် မြန်မာနိုင်ငံအလုပ်သမားဥပဒေသမိုင်းတွင် ပထမဆုံးသော အလုပ်သမားများ၏အကျိုးကို အကာအကွယ်ပြုသည့် မူဝါဒရေးရာဥပဒေကြီးဖြစ်ခဲ့ပြီး အလုပ်သမားရပိုင်ခွင့် ၁၄ မျိုးဖြစ်သည့် အလုပ်လုပ်ပိုင်ခွင့်၊ လုပ်ခွင်တည်မြဲပိုင်ခွင့်၊ အားလပ်ချိန်ရပိုင်ခွင့်၊ ပညာသင်ပိုင်ခွင့်၊ မီးဖွားသည့်အခါ ရပိုင်ခွင့်၊ နာမကျန်းဖြစ်သည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးရပိုင်ခွင့်၊ အခြားအကြောင်းများကြောင့် အလုပ်မလုပ်နိုင်သည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ အိုမင်းမစွမ်းသည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ လုပ်အား၊ အတတ်ပညာနှင့်လျော်ညီစွာ မျှတသော လုပ်ခရပိုင်ခွင့်၊ နေထိုင်စားသောက်မှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်၊ ယဉ်ကျေးမှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်၊ အမျိုးသား၊ အမျိုးသမီး တန်းတူရပိုင်ခွင့်၊ အလုပ်ခွင်သာယာရေးတို့နှင့် တာဝန် (၆)ရပ်ဖြစ်သည့် ဆိုရှယ်လစ်စည်းကမ်း ထိန်းသိမ်းမှုတာဝန်၊ ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် ကုန်ထုတ်အရင်းအနှီးနှင့် ကိရိယာများ၊ ပြည်သူပိုင်နှင့် သမဝါယမပိုင်ကုန်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်၊ ပြည်သူ့အလုပ်သမားတို့၏ ထုတ်လုပ်ရေးစွမ်းအားတိုးတက်ရေးနှင့် ပတ်သက်သည့် တာဝန်၊ ပြည်သူ့အလုပ်သမားတို့၏ ရပိုင်ခွင့်များနှင့်ပတ်သက်သည့်တာဝန်၊ ပြည်သူ့အလုပ်သမားတို့၏ ညီညွတ်ရေးနှင့်ပတ်သက်သည့် တာဝန်၊ ဆိုရှယ်လစ်စီမံကိန်းနှင့်ပတ်သက်သည့် တာဝန်တို့ကို အထူးပြုဖော်ပြရမည်ဟု ပြဋ္ဌာန်းခဲ့သလို အလုပ်သမားရပိုင်ခွင့်နှင့်တာဝန်များကို အခြေခံပါဝင်သော အလုပ်သမားဥပဒေ ၂၀ ခုအား နည်းဥပဒေများအဖြစ် မှတ်ယူ၍ ပြဋ္ဌာန်းခဲ့ပါသည်။




| စဉ် | ဥပဒေ၊ နည်းဥပဒေများအမည် | ကြီးကြပ်သည့် ဦးစီးဌာန |
|---|---|---|
| ၁ | ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၂ | ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃ | ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄ | ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅ | ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆ | ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေများ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၇ | ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၈ | ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေများ | လူမှုဖူလုံရေးအဖွဲ့ |
| ၉ | ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ၊ နည်းဥပဒေများ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၀ | ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၁ | ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ၊ နည်းဥပဒေများ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၂ | ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ၊ နည်းဥပဒေများ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၃ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၄ | ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန |

စာမျက်နှာ ၂၀ သို့

# မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ




မန္တလေး နိုဝင်ဘာ ၆

မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ပညာရေးဒီဂရီကောလိပ် အသီးသီးမှ ကျောင်းအုပ်ကြီးများ၊ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားရာတွင် ဗလငါးတန်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများပေါ်ထွန်းလာစေရန်၊ အချင်းချင်းရင်းနှီးချစ်ခင်မှုရရှိပြီး အသိဉာဏ်ပညာများ ပိုမိုပွင့်လင်းလာစေရန်နှင့် ပညာရေးဒီဂရီကောလိပ်များမှ မွေးထုတ်ပေးလိုက်သည့် ဆရာဆရာမများမှတစ်ဆင့် ပညာရည်ပြည့်ဝသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသည့် ကျောင်းဆရာ ဆရာမ အနေဖြင့် အားကစားနှင့် ကာယပညာကို လေ့လာရုံသာမက ကိုယ်တိုင် ဘက်စုံထူးချွန်နေသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်ရှင်းမျှတစွာ ယှဉ်ပြိုင်ကာ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ဖြစ်သည်အထိ အားသွန်ခွန်စိုက် ကြိုးစားကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီး အားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် ပခုက္ကူပညာရေးဒီဂရီကောလိပ်အသင်းတို့ ဘောလုံးယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှစတင်၍ နိုဝင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အထက်မြန်မာပြည်(မန္တလေးဇုန်) အနေဖြင့် ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်း ၁၁ကျောင်းပါဝင်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ၁၁ သင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှစ်သင်းနှင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှစ်သင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှစ်သင်း စုစုပေါင်း အားကစားသမား၃၉၈ ဦးတို့ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ချောင်းဆုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ



ချောင်းဆုံ နိုဝင်ဘာ ၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန် (၄) ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် တာဝန်များကို စွမ်းရည်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် လိုအပ်ပါက လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ကြရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းသားများအား အရန်မီးသတ်တပ်ဖွဲ့ဝင် ဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး လေ့ကျင့်ရေးသင်တန်းကာလကို ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❒ စာမျက်နှာ ၁၉ မှ

အဆိုပါကာလအတွင်း တည်ရှိခဲ့သည့် ဥပဒေများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူဝါဒ၊ နိုင်ငံရေး၊ လူမှုရေးစနစ်များနှင့်အညီ စိစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို အလုပ်သမားများ၏ အခွင့်အရေးများအား ကန့်သတ်ချက် တစ်စုံတစ်ရာမရှိဘဲ အလုပ်သမားရေးရာစိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ ဆောင်ရွက်ကျင့်သုံးခဲ့ကြသည်။ ယနေ့အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို အကာအကွယ်ပေးသည့် ဥပဒေများကို စီမံခန့်ခွဲနေသော အဖွဲ့အစည်းတစ်ရပ်မှာ အလုပ်သမားဝန်ကြီးဌာနဖြစ်ပြီး အလုပ်သမားရေးရာဥပဒေများက ခွင့်ပြုထားသည့် ရပိုင်ခွင့်များကို အလုပ်သမားများက အပြည့်အဝခံစားနိုင်အောင် မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားရေးရာဥပဒေများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် သုံးသပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## အလုပ်သမားများ၏ ရပိုင်ခွင့်ကို ကာကွယ်ပေးသောဥပဒေများ

အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်၊ တာဝန်များနှင့်စပ်လျဉ်း၍ လုပ်သားပြည်သူတိုင်း အလုပ်သမားဆိုင်ရာဥပဒေများကို လေ့လာမှတ်သားသင့်သောကြောင့် အလုပ်သမားဝန်ကြီးဌာန၏ စစ်ဆေးစည်းကြပ်စီမံခန့်ခွဲရသော ဥပဒေ၊ နည်းဥပဒေများကို ပူးတွဲပါဇယားအတိုင်း ဖော်ပြလိုက်ရပါသည်။

> **“လက်ရှိအခြေအနေအရ အလုပ်သမားများ၏ ရပိုင်ခွင့်ကို ကာကွယ်ပေးသောဥပဒေများ ရှိသင့်သလောက်ရှိပြီးဖြစ်သော်လည်း ပြည့်စုံလုံလောက်မှုရှိပြီလား၊ ထိုရှိပြီးဥပဒေများကို လက်တွေ့ကျင့်သုံးရာ၌ အလုပ်သမားများက အပြည့်အဝခံစားနေရပြီလားဆိုသည်ကို အလုပ်သမားရပိုင်ခွင့်များအား တာဝန်ယူဆောင်ရွက်နေကြရသည့် လုပ်သားထုကြီး၏အကျိုးစီးပွားကို ဖြည့်စွမ်းနိုင်သော ဝန်ကြီးဌာနတစ်ခုအနေဖြင့် လေ့လာသုံးသပ်ပြီး ဥပဒေပါ ရပိုင်ခွင့်များ ခံစားခွင့်ရရှိနိုင်အောင် ရှေးရှုကြိုးပမ်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ”**

လက်ရှိအခြေအနေအရ အလုပ်သမားများ၏ ရပိုင်ခွင့်ကို ကာကွယ်ပေးသောဥပဒေများ ရှိသင့်သလောက်ရှိပြီးဖြစ်သော်လည်း ပြည့်စုံလုံလောက်မှုရှိပြီလား၊ ထိုရှိပြီးဥပဒေများကို လက်တွေ့ကျင့်သုံးရာ၌ အလုပ်သမားများက အပြည့်အဝခံစားနေရပြီလားဆိုသည်ကို အလုပ်သမားရပိုင်ခွင့်များအား တာဝန်ယူဆောင်ရွက်နေကြရသည့် လုပ်သားထုကြီး၏အကျိုးစီးပွားကို ဖြည့်စွမ်းနိုင်သော ဝန်ကြီးဌာနတစ်ခုအနေဖြင့် လေ့လာသုံးသပ်ပြီး ဥပဒေပါ ရပိုင်ခွင့်များ ခံစားခွင့်ရရှိနိုင်အောင် ရှေးရှုကြိုးပမ်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်ငန်းခွင် သာယာတည်ငြိမ်အေးချမ်းဖို့နှင့် ကုန်ထုတ်စွမ်းအားတိုးတက်ဖို့ဆိုရာတွင် အလုပ်သမားများက ၎င်းတို့၏ ရပိုင်ခွင့်နှင့်တာဝန်များကို ကွဲပြားစွာသိရှိခြင်းကလည်း အရေးကြီးသည့်အချက်တစ်ခုဖြစ်ပါသည်။ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ကာယ၊ ဉာဏ အလုပ်သမားကြီးများအနေဖြင့် အလုပ်သမားဆိုင်ရာ ဥပဒေများရှိ မိမိတို့၏ ရပိုင်ခွင့်များနှင့် တာဝန်များကို သိရှိနေစေရန်၊ လေ့လာမှတ်သားကြရန်နှင့် ရပိုင်ခွင့်များကိုလည်း စနစ်တကျ ဆွေးနွေးတောင်းဆိုကြရန် လိုပါသည်။ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များ မယုတ်လျော့စေရန် ပထမဦးစားပေး အလေးထားဆောင်ရွက်ပေးရမည့် အပြင် မျှတစာနာစိတ်ထားပြီး မိမိလုပ်ငန်းရှိလုပ်သားကြီးများအား ကာယကံရှင်၏ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားအလိုက် အကျိုးခံစားခွင့်ပေးရေး စနစ်တကျ စီမံဆောင်ရွက်ပေးရန်နှင့် မိသားစုစားဝတ်နေရေးကို မိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သည့်ဘက်မှ ထောက်ပံ့ပေးရန် တိုက်တွန်းလိုပါသည်။

အလုပ်သမားများ၏ ရပိုင်ခွင့်များကို ရသင့်သလောက် ရရှိစေရန် အလုပ်သမားအချင်းချင်း စည်းလုံးမှုရှိခြင်း၊ နိုင်ငံတော်မှ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ အခွင့်အရေးနှင့် တာဝန်များ ပေးအပ်ထားသကဲ့သို့ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် ဥပဒေနှင့်အညီ လေးစားလိုက်နာရမည်ဖြစ်ရာ ဥပဒေတွင်မပါရှိသော အကြောင်းအရာကိစ္စရပ်များဖြစ်ခဲ့ပါက အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်ညှိနှိုင်း၍ဖြစ်စေ၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်း၍ဖြစ်စေ၊ လုပ်သားပြည်သူတို့၏ လူနေမှုအခြေအနေများကို ပို၍ပို၍ တိုးတက်ကောင်းမွန်စေရေး စဉ်ဆက်မပြတ် ကြံဆောင်နေသည့် တိုးတက်ရေးအမြင်နှင့် အကောင်းအဆိုးဒွန်တွဲနေသောသဘာဝကို သိနားလည်ရင်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်လုပ်ငန်း၊ မည်သည့်ဖြစ်စဉ်၊ မည်သည့်အခြေအနေ၊ မည်သည့်အသွင်သဏ္ဍာန်မှာမဆို အပြုသဘောဆောင်သော လက္ခဏာများ၊ ကောင်းသောအသွင်အပြင်နှင့် အစိတ်အပိုင်းများ၊ ပိုမိုကောင်းမွန်သော အလားအလာကောင်းများကို ရှေးရှု၍ ပိုမိုကောင်းမွန်သောအခြေအနေသို့ရောက်အောင် သဘာဝကျကျ ပေါင်းစပ်တည်ဆောက်ပြီး စံပြုချက်ရယူဆောင်ရွက်သွားလျှင် လုပ်ငန်းခွင်အေးချမ်းသာယာပြီး တိုင်းပြည်၏ GDP တိုးတက်ရေး စွမ်းအားပြည့်ကုန်ထုတ်လုပ်မှုကို တိုးတက်စေရန် ဆောင်ရွက်ပေးလာနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးသူရက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပထမနေ့ပြိုင်ပွဲ များ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားU-12၊ အမျိုးသမီးU-14၊ အမျိုးသားလူသစ်တန်းနှစ်ယောက်တွဲ၊ အမျိုးသမီးအလွတ်တန်းနှစ်ယောက်တွဲ၊ အမျိုးသား ပထမတန်း၊ ဒုတိယတန်း၊ အသက် ၅၀၊ ၆၀ အထက် နှစ်ယောက်တွဲ၊ အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်း၂၀၊ အားကစားသမား၂၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ကိုထက်



# ဟသ္သာတခရိုင်နှင့် မြို့နယ်များမှ ထွေအုပ်ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ဟသ္သာတ နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင်နှင့် ဟသ္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၅)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ဟသ္သာတခရိုင် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကျင်းပသည်။

သွေးလှူဒါန်းရာတွင် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများက သွေးလှူဒါန်းသော ဝန်ထမ်းများ၏ သွေးအမျိုးအစားများကို စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်နှင့်လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သွေးလှူဒါန်းခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ကြသည်။



**နှုတ်ဆက်အားပေး**

သွေးလှူဒါန်းပွဲသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့ကာ သွေးလှူဒါန်းကြသည့် ဌာနဝန်ထမ်းများအား တိုင်းမှူးက အားဖြည့်အချိုရည်၊ ကြက်ဥနှင့် အာဟာရပြည့်အစားအစာများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာသို့ ဟသ္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် ဇနီး၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ သွေးလှူဒါန်းကြမည့် ဝန်ထမ်းများ၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သွေးလှူဒါန်းကြသော ဝန်ထမ်း ၂၄ ဦးတို့ကို အားဆေး၊ ကိတ်မုန့်၊ အားဖြည့်အချိုရည်နှင့် ကြက်ဥများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒက္ခိဏသီရိမြို့နယ် ဌာနဆိုင်ရာငွေစုငွေချေး သမဝါယမအသင်း(လီမိတက်)က နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဌာနဆိုင်ရာငွေစုငွေချေး သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးစေလို**

အစည်းအဝေးတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက ဌာနဆိုင်ရာငွေစုငွေချေးအသင်းဖြစ်သည့် အလျောက် စိတ်တူဆန္ဒတူသူများဖြင့် ဖွဲ့စည်းမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ အသင်းသားများကလည်း ဝန်ထမ်းများဖြစ်သည့်အတွက် လစဉ်ငွေစုဆောင်းသည့် အလေ့အကျင့်များ၊ စုဆောင်းငွေများ တိုးပွားလာသည်နှင့်အမျှ အသင်းသားများအတွက် များစွာထုတ်ချေးပေးနိုင်သည့်အပြင် အသင်းဝင်ငွေများလည်း ရရှိမည်ဖြစ်ကြောင်း၊ အသင်းသားမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် ထောက်ပံ့ပေးစေလိုကြောင်းနှင့် အသင်းရေရှည်ရပ်တည်နိုင်ရေးအတွက် အသင်းသားတစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အသင်း၏နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို သမဝါယမဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း အသင်း၏ ဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ၊ အသင်း၏ ဘဏ္ဍာရေးအစီရင်ခံစာများကို အမှုဆောင်အဖွဲ့ဝင်အသီးသီးက ဖတ်ကြားတင်ပြခဲ့ရာ တက်ရောက်လာသော အသင်းသားများက ကန့်ကွက်ရန် မရှိပါသဖြင့် သဘာပတိက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း ဖွင့်လှစ်

မြဝတီ နိုဝင်ဘာ ၆

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန မြဝတီ(ရုံးခွဲ)နှင့် ဟိုတယ်လုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ယနေ့နံနက် ၉ နာရီတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြဝတီမြို့ City Home ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အနာဂတ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ချပေးသည့်ဘာသာရပ်အပေါ် သင်တန်းသား သင်တန်းသူများ အနေဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားသင်ယူကြစေလိုကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် Union Hotel ကျွမ်းကျင်ပညာရှင် ဦးအောင်ကျော်နှင့် Conqueror Hotel ကျွမ်းကျင်ပညာရှင် ဦးသော်သော်လွင်တို့က သင်တန်းဆိုင်ရာ ပို့ချပေးမည့် အစီအစဉ်များနှင့် မိတ်ဆက် အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းတွင် ဧည့်ကြို ဝန်ဆောင်မှု၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးဘာသာရပ်များကို သင်တန်းနည်းပြ နှစ်ဦးတို့က သင်တန်းသား သင်တန်းသူ ၁၀၀ တို့အား နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက် အထိ ရက်သတ္တ လေးပတ်အတွင်း Golden Earth Hotel နှင့် Vantage Hotel တို့၌ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

❒ ကျောဖုံးမှ

ဦးဆောင်နေတဲ့ ဂျီရိုနာအသင်းရဲ့အောက် နှစ်မှတ်အကွာနဲ့ အမှတ်ပေးဇယား ဒုတိယ နေရာမှာ ရပ်တည်လျက်ရှိတာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းအနေနဲ့ ဗယ်လ်ဗာဒီ၊ ဂျူဆီလု၊ ဘယ်လင်ဂမ်နဲ့ ဗီနီစီးယပ်ဂျူနီယာတို့ ဂိုးရရှိနိုင်မယ့်အခွင့် အရေးတွေရရှိခဲ့ပေမယ့် အဆုံးသတ်မသေချာမှုကြောင့် သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ လာလီဂါပွဲစဉ် ၁၂ ပွဲကစားပြီးချိန်မှာ ရမှတ် ၂၉ မှတ်ရရှိထားပြီး ဂျီရိုနာအသင်းကတော့ရမှတ်၃၁မှတ်ရရှိထားတာဖြစ်ပါတယ်။ အခြားသောပွဲစဉ်တွေမှာတော့ အယ်လာဗက်စ်အသင်းက အယ်မာရီယာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဗလင်စီယာအသင်းက ဂရန်နာဒါအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘီဘာအိုအသင်းက ဗီလာရီးယဲလ်အသင်းကို သုံးဂိုး-နှစ်ဂိုး စသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

○ ကမ္ဘာ့ဖလားမှ
ပြည့်ဖြိုးအောင် (ဟံသာဝတီ)၊ ဇင်ညီညီအောင် (ဒဂုံစတား)၊ နောက်တန်း- နန္ဒကျော်၊ ရဲမင်းသူ၊ ဇွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ သက်ဟိန်းစိုး၊ ကောင်းထက်ပိုင် (ရတနာပုံ)၊ ဟိန်းဇေယျာလင်း (ရန်ကုန်)၊ ငြိမ်းချမ်း (ဒဂုံစတား)၊ လတ်ဝေဘုန်း (ဧရာဝတီ)၊ မိုးဆွေအောင် (အား/ကာသိပ္ပံ)၊ ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ၊ ထိုင်း)၊ အလယ်တန်း-ဝေလင်းအောင်၊ ဆွမ်လမန် (ဒဂုံစတား)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီ)၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်၊ မလေးရှား)၊ ကျော်မင်းဦး (PDRM၊ မလေးရှား)၊ လွင်မိုးအောင် (ရရောင်း၊ ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ၊ ထိုင်း)၊ ရှေ့တန်း-ဥက္ကာနိုင် (ရန်ကုန်)၊ အောင်မြတ်သူ (ဟံသာဝတီ)၊ အောင်သူ (အူထိုင်းထာနီ၊ ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို၊ အင်ဒိုနီးရှား)၊ သန်းပိုင် (ချင်းမိုင်ယူနိုက်တက်၊ ထိုင်း)တို့ ပါဝင်သည်။ ယခုရွေးချယ်ထားသည့် လူစာရင်းတွင် ပြည်တွင်းကလပ်များတွင် ကစားနေသူ ၂၂ ဦး၊ ပြည်ပကလပ်များတွင် ကစားနေသူ ခုနစ်ဦး ရွေးချယ်ခံရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်လက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းလှကျော်ထင် (၁)လမ်း၊ အမှတ် (၈၉၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၈၉၈)၊ ဦးသက်နောင်(ခ)ဦးစိန် အမည်ပေါက် ပါမစ်မြေကွက်၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်မိမာ [၁၂/ဒဂတ(နိုင်)၁၀၆၀၀၇] က အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးငြိမ်းသူ [၁၂/ဥကတ(နိုင်)၁၇၇၈၄၄]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီနီဝင်း (LL.B) (စဉ်-၅၁၇၁၈)**
**ဦးထွန်းသူအောင် (LL.B) (စဉ်- ၅၅၇၆၄)**
**အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၇၈၀၀၅၄၀၆၀**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ဒဂုံမြို့သစ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09260664480
09260664490

## အများသိစေရန်ကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

(၂၅-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၃ ပါ ဒေါ်ဖေါ်ရီမိန်(ခ)ဒေါ်သီတာ [၁၂/ပဇတ(နိုင်)၀၄၀၃၂၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ "အများသိစေရန်ကြေညာခြင်း"ကြော်ငြာကို ဒေါ်ဖေါ်ရီမိန်(ခ) ဒေါ်သီတာ၏ဆန္ဒအရ ဤကြော်ငြာဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခွန်သူရိန်အောင် (LL.B) (စဉ်-၅၅၆၃၄)**
**ဦးချမ်းငြိမ်းအောင် (LL.B) (စဉ်-၅၄၄၈၃)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၁၀/၁၂၊ အခန်း-(၁၀၂-ပထပ်)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၈၀၄၂၆၃၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(ဏ/၁၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်-၆၆၇ (ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေ၊ ဧရိယာ(၀. ၀၂၇)ဧက၊ (၁၂၀၀) စတုရန်းပေရှိ ဒေါ်စုစုရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ်အဆောက်အဦ (၁) လုံးအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စုစုရီ [၁၂/သဃက(နိုင်)၀၆၃၀၈၇]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာအောင် [၅/ရဥန(နိုင်) ၀၅၅၃၄၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၅)လမ်းအနောက်၊ (၁)ခန်းတည်း (၆)ထပ်တိုက်၏အကျယ်အဝန်း ( ၁၈' x ၅၅')ရှိ မြေညီထပ် တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါတိုက်ခန်းကို ဦးကျော်ဆန်းလှိုင် [၁၂/သကတ(နိုင်)၁၇၁၀၆၃] မှ ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးအောင် [၁၂/သကတ(နိုင်)၁၉၃၉၈၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၀၀၈/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၀၈/က) သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC (၆)ထပ်တိုက် အဆောက်အဦမှ ပထမထပ် (၂)လွှာဟု ခေါ်တွင်သော တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန်ထရိုက်တာဦးလှမြင့်ထံမှ စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံး ဝယ်ယူထားသူ ဦးအောင်သိန်း [၁၂/ဗဟန(နိုင်)၀၀၄၀၆၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိုက်ထွန်းဦး [၆/ကသန(နိုင်)၀၅၀၆၀၇] က အထက်ပါ တိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား မူရင်းများတင်ပြ၍ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမင်း LL.B, D.B.L,D.I.L,D.M.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၁၃၁၂၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ကြည်ကြည်စန်း [၁၃/ နဆန(နိုင်)၀၁၅၈၉၄] ၏ ပတ်စ်ပို့နံပါတ် (MC-492668) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၄၀၃၆၂၂၇၆၇**

## အမည်ပြောင်း

အဖ ဦးဝင်းထူး၏ သမီး မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ နယ်မြေ(၅)၊ အမှတ်(၅၉)နေ မသွဲ့သွဲ့ဝင်း [၁/မကန(နိုင်)၂၃၃၆၆၆]အား မသက်သွဲ့ဝင်းဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅) Grade-11 (Eco)တန်း မှ မလထော်ဂျာဆွတ်အိန်၏ ဖခင်အမည်မှန်မှာ ဦးလထော်ဇော်တူး [၁/မကန(နိုင်)၂၇၄၀၈၅] ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရင်ဇော်အောင် CDC-72566 ၏ PSC & RB လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-455321895**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၇၈၂/ခ)၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်နှင့် (၂)ထပ်တိုက်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း"

အထက်ပါ မြေကွက်နှင့် (၂)ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းနန္ဒာထွန်း [၁၂/တမန(နိုင်)၁၁၇၀၆၀] ကိုင်ဆောင်သူမှ မိခင် ဒေါ်ဝင်းဝင်းအောင် (ကွယ်လွန်)အမည်ခံ၍ ဦးဝင်းနန္ဒာထွန်း (၇၀%)ပါဝင်သောငွေကြေးဖြင့် ဝယ်ယူထားသော မြေနှင့်နေအိမ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးဝင်းနန္ဒာထွန်း အကျိုးသက်ဆိုင်သော အဆိုပါ မြေနှင့်နေအိမ်အား ၎င်း၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း၊ အကယ်၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးဝင်းနန္ဒာထွန်း၏ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)**
**ဒေါ်နှင်းဝေလွင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)**
**အမှတ်-၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ရှိ မြေကွက်အမှတ် (ပ-၃၂၇၁၄)ကိုအမည်ပေါက် ဒေါ်သို(ဘ)ဦးချစ် [၇/ညလပ(နိုင်)၀၁၁၉၂၈]၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ကြည်ကြည်ရှိန် (ဘ)ဦးခင်မောင်ကြည် [၁၂/မဂဒ(နိုင်)၀၁၆၁၅၁]မှ ဦးတင်မြိုင်(ဘ)ဦးဝေ [၁၂/မဂဒ(နိုင်)၀၂၆၁၀၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၉၉/၂၀၂၂ (၂၅-၁၁-၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်အမှတ်(၅၂)၊ ၆ထပ် တိုက်၏ ဒုတိယထပ် (၃လွှာ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ) အကျယ်အဝန်းရှိ လူနေတိုက်ခန်း ရေ ၊ မီး အစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုးဇာလျံဝေ[၁၂/ကခက(နိုင်)၀၇၉၉၄၁] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ချမ်းမြေ့ဦး [၁၄/ဝခမ(နိုင်)၁၈၁၁၂၅] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်(တစ်ပတ်)အတွင်း စာချုပ်စာတမ်း (မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချမ်းမြေ့ဦး [၁၄/ ဝခမ(နိုင်)၁၈၁၁၂၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်ကော်ရှေ့နေ(စဉ်-၂၈၉၈)(၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ/ ပထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-25022892,09-443021827**

## မွေးသက္ကရာဇ်အမှန်

အဖ ဦးတူးဂျာ၏သား မြစ်ကြီးနားမြို့၊ အထက(၁)၊ Grade-11 ($B_2$) မှ မောင်ဇောင်းခေါင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၂၀၀၅ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

မဆုပြည့်အောင် [၁၄/ဒဒရ(နိုင်)၂၂၆၄၃၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် ME 329484 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-690697276**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ရီ[၁၂/တမန(နိုင်)၀၀၉၅၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ရီနှင့် ဦးမြင့်ကျော်ဦးတို့သည် (၃၁-၁၀-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီးနောက် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကိုလည်း နှစ်ဦးသဘောတူ ခွဲဝေယူခဲ့ကြပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမြင့်ကျော်ဦးတို့သည် တရားဝင်ကွာရှင်းပြီး ဖြစ်သည့်အတွက် ၎င်းနှင့် ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများသည် ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသလို ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြင့်မြင့်ရီ**
**[၁၂/ကတန(နိုင်)၀၃၉၅၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၀)**
**အမှတ်-၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။ဖုန်း-၀၉-၂၆၀၄၀၁၀၇၁**

## အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်ကြော်ငြာခြင်း

၄-၁၁-၂၀၂၃၊ စာမျက်နှာ-၃၁၊ ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာဖော်ပြထားသော ကွင်းအမှတ် (၇၅၇/က) ဦးပိုင်အမှတ် (၆/၉) ဧရိယာ (၁၁. ၈၉)ဧက အစားဧရိယာ (၉. ၈၄)ဧက ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Vanlalnghaki**
**ဒေါ်ဗန်လားငှကီး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၀၅၆/၅-၁၂-၂၀၁၁)**
**အမှတ်(၉/၁၁)၊ အခန်း-၃၀၁(၂)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်**
**Ph:09-795898083**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၀)လမ်း၊ တိုက်အမှတ်(၃၃)၊ ပထမထပ်၊ တိုက်မျက်နှာမူလျှင်(ဘယ်)၊ အကျယ်အဝန်း(၁၅ပေX၄၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇော်ဦး(၃/ကကရ(နိုင်)၀၅၆၅၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်ထွန်း:LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း၀၉–၄၀၈၁၈၅၅၉၉၉။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံမှ ရွှေအင်ကြင်းရိပ်မွန်ရှိ Type-2၊ တိုက်အမှတ်(U)၊ အခန်းအမှတ်(5)၊ အကျယ်အဝန်း(၂၄၀၀ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်သက်အောင် [၁၂/ဒဂန(နိုင်)၀၁၁၇၃၁]နှင့် ဒေါ်ဥမ္မာလွင် [၁၂/မဂတ(နိုင်)၀၁၂၇၁၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း(၂၉)ရပ်ကွက်၊ နွယ်သာဂီ(၃)လမ်း၊ မြေကွက်အမှတ်(၅၈၅)၊ မြေအကျယ်ပေ(၂၀x၆၀)ပေါ်ရှိ ၁-ခန်းတွဲ၊ ၄-ထပ်ခွဲတိုက်၏ ၄-လွှာ၊ တိုက် အကျယ်ပေ(၁၈x ၅၂)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကြည်ကြည်စန်း [၁၂/ဥကတ(နိုင်)၁၀၅၃၅၅]မှ ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိုက်ထိုက်လင်း [၁၂/သဃက(နိုင်)၁၃၆၁၈၁] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၀)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ** — **ဒေါ်ထိုက်ထိုက်လင်း**

**ညွှန်ကြားချက်အရ**
**ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၉)**
**အမှတ်(၃၅/၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၀၅၄၁၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် (၁၀၁၆)၊ (A-၆)ဆဋ္ဌမထပ်(၇-လွှာ)၊ အကျယ်အဝန်း (၁၉ပေx၅၅ပေ) ရှိတိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်စိုးသန္တာလှိုင် [၁၂/ဗတထ(နိုင်)၀၂၆၈၈၀] မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးထက်နိုင် [၆/မမန(နိုင်)၁၅၈၆၃၇] နှင့် ဒေါ်ချိုချိုကျော်ဦး [၆/လလန(နိုင်)၁၀၂၇၂၄] တို့အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်စိုးသန္တာလှိုင်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ် ကိစ္စရပ်များအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ် – ၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL-DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း – ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-10H2၊ မြေကွက်အမှတ် II-၃၆၊ ဧရိယာ(0.028)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၆)၊ (၄၈)လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဦးစိုင်းဘုန်းထူး [၁၂/ကတတ (နိုင်) ၀၁၅၇၈၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုင်းဘုန်းထူး[၁၂/ကတတ(နိုင်) ၀၁၅၇၈၆](ခင်ပွန်းဖြစ်သူ)သည် (၁၉-၅-၂၀၂၀)ရက်နေ့တွင်ကွယ်လွန်ခဲ့ပါကြောင်း၊ ၎င်းတွင် တရားဝင်ဇနီးဖြစ်သူ ဒေါ်ဖြူဖြူညွန့် [၁၂/ကတတ(နိုင်) ၀၀၈၂၄၄]တစ်ဦးသာလျှင်ရှိပါကြောင်း၊ ၎င်းမှလွဲ၍အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ ၎င်းမှလွဲ၍အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၁၂၂၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ စတုရန်းပေ (၂၄၀၀)၊ ဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် ဒေါ်သန်းသန်းဌေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက် အကျယ်အဝန်း (၄၀x၆၀)ပေ၊ စတုရန်းပေ (၂၄၀၀)၊ ဧရိယာ (၀.၀၅၅)ဧကနက်မှ အကျယ်အဝန်း (၂၀x၆၀)ပေ၊ စတုရန်းပေ (၁၂၀၀)၊ ဧရိယာ (၀.၀၂၇၅)ဧကရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးကျော်ထူး [၁၂/သကတ(နိုင်)၁၃၁၆၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း) အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက် ကျော်လွန်သည့်အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းယုရွှေ (LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၃၆)**
**ဒေါ်ကေသွယ် (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၉)**
**အမှတ်(၂၀၄)၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ အခန်း(၃၀၁)၊ တိုက်အမှတ် L-2၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားပြီး စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စမ်းမြင့် [၁၂/တမန(နိုင်) ၀၁၃၆၆၃] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုလှိုင် (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၀၉)**
**အမှတ်-၅၈၊ စိန်ပန်းလမ်း၊ ၁/၁၃ ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၁၅၈၇၁၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၅-မ/၂၈၊ လူနေရပ်ကွက်အမှတ်-အမရဌာနီအရှေ့၊ မြေကွက် အမှတ် ၅၅၊ မြေအမျိုးအစား-ဂရန်မြေ(ဒေါ်မြင့်မြင့်ထူး အမည်ပေါက်)၊ ဧရိယာ(၀.၀၄၂၇) ဧကအနက်မှ အကျယ်အဝန်း(၂၀ ပေx ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်လှလှ [၉/မနမ(နိုင်) ၀၂၇၇၆၉] ထံမှ ကျွန်ုပ်အမှုသည်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ် ၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-402698729**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-10.H2၊ မြေကွက်အမှတ် II-၃၇၊ ဧရိယာ(0.028)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၈)၊ (၄၈)လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဦးစိုင်းဘုန်းထူး [၁၂/ကတတ (နိုင်)၀၁၅၇၈၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဦးစိုင်းဘုန်းထူး[၁၂/ကတတ(နိုင်) ၀၁၅၇၈၆](ခင်ပွန်းဖြစ်သူ)သည် (၁၉-၅-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ ၎င်းတွင်တရားဝင်ဇနီးဖြစ်သူ ဒေါ်ဖြူဖြူညွန့် [၁၂/ကတတ(နိုင်)၀၀၈၂၄၄] တစ်ဦးတည်းသာလျှင် ရှိပါကြောင်း၊ ၎င်းမှလွဲ၍အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ ၎င်းမှလွဲ၍အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်-ရပ်ကွက်၊ အကွက်အမှတ်(၇၈)၊ ဦးပိုင်အမှတ်(၃၁ဃ၊ ၃၁က)၊ မြေချိန်ဧရိယာ (၀.၁၂၃)၊ (၀.၀၀၅)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် ဒေါ်မြအောင်၊ ဦးအုန်းကြွယ်၊ ဒေါ်စိုး၊ ဒေါ်လှသိန်း၊ ဒေါ်စန်းရီ၊ ဦးတင်အောင်ဝင်း၊ ဦးဝင်းကြည်၊ ဒေါ်ချိုချိုနွယ်တို့အမည်ဖြင့် အမည်ပြောင်းခွင့်ပြုမိန့်ရှိထားသော မြေကွက်ဖြစ်ပြီး ၎င်းတို့မှ လက်ရှိပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

ဒေါ်မြအောင်၊ ဦးအုန်းကြွယ်၊ ဒေါ်စိုး၊ ဒေါ်လှသိန်း၊ ဒေါ်စန်းရီ၊ ဦးတင်အောင်ဝင်း၊ ဦးဝင်းကြည်နှင့် ဒေါ်ချိုချိုနွယ်တို့ထံမှ ဦးဝင်းကိုကိုမျိုး [၁၀/မလမ(နိုင်)၁၈၈၂၇၅]နှင့် ဒေါ်နှင်းကေခိုင် [၁၀/မလမ(နိုင်) ၁၇၅၄၇၅] ကိုင်ဆောင်သူတို့မှ (၁၂-၇-၂၀၂၃)ရက်စွဲပါ မြေသက်သက်အရောင်းအဝယ်စာချုပ်အမှတ် – ၂၅၄/၂၀၂၃ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ဦးဝင်းကိုကိုမျိုးနှင့်ဒေါ်နှင်းကေခိုင်တို့မှ ဘိုးဘွားပိုင်ဂရန်အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါသည်။

ဖော်ပြပါ မြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့် ရက်နေ့မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ဒေါက်တာတင်မေသန်း(ခ)မေစီသိန်းမောင်

### ပါမောက္ခ (ငြိမ်း) ဇီဝကမ္မဌာန၊ ဆေးတက္ကသိုလ် (၁) ဆေးသုတေသနဌာနမှူး

### အသက်(၈၈)နှစ်

[ဒေါက်တာဦးသိန်းမောင်(ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်)]-ဒေါ်ခင်မြင့်တို့၏ သမီး၊ (ဦးအုန်းခင်-ဒေါ်ခင်တင်)တို့၏ သမီးချွေးမ၊ [ဦးရွှေဘော်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်လုပ်ငန်းဦးစီးဌာန)]၏ ဇနီး၊ ဦးတင်ထွန်း-ဒေါ်ဟယ်လင်(U.S.A)၊ (ဦးမြင့်သိန်း)-ဒေါ်ခင်မြင့်ဝေ၊ ဦးတင်နွယ်အောင်-ဒေါ်စတယ်လာတို့၏ အစ်မ၊ တူ/တူမ ငါးယောက်၊ မြေးလေးယောက်တို့၏ အဘွား ဒေါက်တာ တင်မေသန်း(ခ)မေစီသိန်းမောင်သည် ၄-၁၁-၂၀၂၃ ရက် နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [အမှတ် (၉ – A.ခ)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေအိမ်တွင် ၁၀- ၁၁ – ၂၀၂၃ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှကြိုင်

**သယ်ပို့အင်ဂျင်နီယာ(အငြိမ်းစား) MOGE**
**တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**
**B.E. (Mechanical) 1979 Batch**
**P.E.(M.P.E.), P.E.(B.S), A.C.P.E. (Mechanical)**
**ASEAN Eng., Hon. Member. AFEO,**

### အသက်(၇၂) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊သုံးမြှောင့်လမ်း၊ အမှတ်(၃၀)၊ စတုတ္ထထပ်(ယာ)နေ (ဦးခင်လွင်-ဒေါ်ခင်ကြည်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးလှအောင်-ဒေါ်စောသိန်း)တို့၏ သားသမက်၊ ဒေါ်တင်တင်အောင်၏ ချစ်လှစွာသောခင်ပွန်း၊ မထက်ထက်အောင် [B.Med. Tech, MPA (BKK)]၊ မမေမြတ်ဟန် [B.Com (Stats) (BKK)] တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်သည် ၄-၁၁-၂၀၂၃(စနေနေ့)ည ၇:၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့)ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်- 25-E ၊မြေကွက်အမှတ်-V-၄၃၊ ဧရိယာ(၀.၀၂၅)ဧက၊ မြေကွက်တည်နေရာ-အမှတ်-၄၄၊ ကမ်းနားလမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးတင်မြင့် (MMN-130435)၊ ဒေါ်သိန်းဟံ (MMN-113183)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေအား ဦးတင်မြင့်၊ ဒေါ်သိန်းဟံတို့ ကွယ်လွန်ပြီးနောက် ဦးစိုးမိုးမြင့် တစ်ဦးတည်းသာအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်- ၁၀၀၅၀/၂၀၂၂(၇-၁၂-၂၀၂၂)ဖြင့် ဦးစိုးမိုးမြင့်က ရရှိခဲ့ကြောင်း၊ ဦးတင်မြင့်၊ ဒေါ်သိန်းဟံအမည်ပေါက်ဂရန်မူရင်းသည် ဦးစိုးမိုးမြင့်ထိန်းသိမ်းထားရာမှ အထားအသိုမှားယွင်း၍ပျောက်ဆုံးသွားပါကြောင်း၊ ယင်းမြေ၏အကျိုးခံစားခွင့်တို့အား အရှုပ်အရှင်းမရှိ ပိုင်ဆိုင်သူဖြစ်ကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှလည်း ကင်းရှင်းပါကြောင်းနှင့်သိမ်းဆည်းထားရာမှ အထားအသိုမှား၍ ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ဦးစိုးမိုးမြင့်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံးတွင်ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၁၀၅၆/ ၂၀၂၃(၁၀-၁-၂၀၂၃)၊ ဂရန်ပျောက်ဆုံးကြောင်းရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဦးစိုးမိုးမြင့်၏ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့်မြေပြင်၌ရှိသည့် (၈)ထပ်တိုက် အဆောက်အဦတွင် နေထိုင်သူများသည် အခန်းပိုင်ဆိုင်သူများသာဖြစ်ပြီး၊ မြေပိုင်ဆိုင်မှုနှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်သည့် ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကိုတာဝန်ယူပါကြောင်း ၉-၈-၂၀၂၃ ရက်နေ့တင်ပြစာတို့ကိုတင်ပြ၍ ဦးစိုးမိုးမြင့်[၁၂/ကမတ(နိုင်)၀၁၅၆၀၂]က ဂရန်မိတ္တူမှန်၊ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၅၄၃-က/၅၄၄-ခ)၊ ပဉ္စမထပ်(၆-လွှာ/ဘယ်)တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ကြည်ပြာရွှေ [၁၂/သကတ(နိုင်)၁၇၅၁၈၆] မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးသန်းထိုက်ဇော် [၁၀/ခဆန(နိုင်)၁၀၃၃၃၀]အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်ကြည်ပြာရွှေထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ် – ၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL-DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း – ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

**ထွန်းတောက်ကြယ်**
**အိမ်ခြံမြေ အကျိုးဆောင်**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်း/ဝယ်ရေးကို ထွန်းတောက်ကြယ် အကျိုးဆောင်မှ ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
**09-443777598**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်ရှိ အမည်ပေါက် ဦးသန်းဌေး (ဘ)ဦးကျော်အုံး [၉/မသန(နိုင်) ၀၂၇၉၃၈]၊ မြေကွက်အမှတ် ပ-၃၁၃၇၂ ၏ မြေငှားစာချုပ်(မူရင်း)မှာ ရေစိုပျက်စီးသွားသဖြင့် မြေငှားစာချုပ် (မိတ္တူမှန်) ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးသန်းဌေး(ဘ)ဦးကျော်အုံး [၉/မသန(နိုင်)၀၂၇၉၃၈]မှ မှတ်ပုံတင်နှင့်အိမ်ထောင်စု စာရင်း၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြဓာတ်ပုံ၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားစာချုပ် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**သွေးသည် အသက်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလို....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၉ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပဏာမလူစာရင်း

ယခုဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်းတွင် မကာအိုအသင်းနှင့် ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစု ပါဝင်လာသော်လည်း ဒဏ်ရာရကစားသမားအချို့ ပါဝင်လာခြင်းမရှိပေ။ ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် ဂိုးသမား-ကျော်ဇင်ဖြိုး(ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၆

| | |
|---|---|
| ဟားခါး | ၅ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၁၀ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၁၀ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၁၂ ဒီဂရီစင်တီဂရိတ် |

**ယနေ့ ဖတ်စရာ**


မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား“မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)”အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး
စာမျက်နှာ » ၇

သူရမင်းဒင် (သို့) သူရဘွဲ့ ရရှိခဲ့သူတစ်ဦး၏ တိုက်ပွဲဝင်မှတ်စု
ဆောင်းပါး စာမျက်နှာ » ၁၀

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဆောင်ရွက်နိုင်မှု အခြေအနေ
စာမျက်နှာ » ၁၈

အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း သိကောင်းစရာများ
ဆောင်းပါး စာမျက်နှာ » ၁၉


## ဗယ်လက်ကာနိုအသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်မယ့်အခွင့်အရေးနဲ့ ရီးယဲလ်မက်ဒရစ်လွဲခဲ့ရ

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ်(၁၂)အဖြစ် နိုဝင်ဘာ ၅ ရက်ညပိုင်းက ဗယ်လက်ကာနိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ပါတယ်။



ရီးယဲလ်မက်ဒရစ် အသင်းနဲ့ ဗယ်လက်ကာနိုအသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အားထားရတဲ့ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ဟာလည်း ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ပခုံးဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ အခုပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့တာကြောင့် နိုဝင်ဘာ ၄ ရက်ညပိုင်းက အိုဆာဆူနာအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးက စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❐